ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (14-10-2015) (စ၃၅၃)

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး၊ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လျှောပေးအပ်

သတင်း စာမျက်နှာ - ၃

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ မတရားအသင်းနှင့် အကြမ်းဖက်သူများအဖြစ် အကျုံးဝင်မှုမရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက်(၉/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများကို စားပွဲဝိုင်းတွင် ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ရေးအလို့ငှာ ၂၀၁၁ ခုနှစ်၊ သြဂုတ် လ ၁၈ ရက်နေ့တွင် တစ်နိုင်ငံလုံးသို့ ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့ပါသည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၅)ဖွဲ့နှင့် တစ်ဖွဲ့ချင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး သဘောတူညီချက်(၃၉)ခု ချုပ်ဆိုခဲ့ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ အဆိုပြုချက်အရ စုဖွဲ့ဆွေးနွေးမှုကိုလည်း ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် စတင်ဆွေးနွေးခဲ့ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် သြဂုတ်လ ၇ ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်ကြီးကို ချုပ်ဆိုနိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် (၁၅)ဖွဲ့ကို ဖိတ်ကြားခဲ့ပါသည်။

၄။ ဖိတ်ကြားမှုကို လက်မှတ်ရေးထိုးရန်အတည်ပြုပြန်ကြားခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့အနက်မှ မတရားအသင်းအဖြစ် ကြေညာထားခဲ့သော ကရင်အမျိုးသားအစည်းအရုံး(KNU)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (RCSS/ SSA-S)အဖွဲ့ (၃)ဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၅)ဖြင့် လည်းကောင်း၊ အကြမ်းဖက်သူများအဖြစ် ကြေညာထားခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (RCSS/SSA-S) အဖွဲ့တို့အား ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၅)ဖြင့် လည်းကောင်း ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ပယ်ဖျက်ကြောင်း ကြေညာခဲ့ပါသည်။

၅။ သို့ဖြစ်၍ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (RCSS/ SSA-S) အဖွဲ့များ၏ လက်အောက်ခံအဖွဲ့အစည်းများသည်လည်း မတရားအသင်းအဖြစ်မှ ပယ်ဖျက်ပြီးဖြစ်ပါသည်။

၆။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ် (NCA) တွင် လက်မှတ်ရေးထိုးမည့် ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ဖြစ်သော (၁)ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ (၂) ချင်းအမျိုးသားတပ်ဦး (CNF)၊ (၃) ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ (၄) ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ (၅) ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) တို့သည်လည်း မတရားအသင်းအဖြစ်မှလည်းကောင်း၊ အကြမ်းဖက်သူများအဖြစ်မှလည်းကောင်း အကျုံးဝင်မှုမရှိတော့ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ပြည်ပခရီးစဉ်များ ထပ်မံတိုးချဲ့ပြေးဆွဲရန် ဘိုးရင်းလေယာဉ်သစ်တစ်စင်း ထပ်မံရောက်ရှိ

သတင်း-ဆုနှင်းလေ့
ဓာတ်ပုံ- ခင်မောင်ဝင်း

ရန်ကုန် အောက်တိုဘာ ၁၃

နိုင်ငံပိုင်လေကြောင်းလိုင်းတစ်ခုဖြစ်သော မြန်မာအမျိုးသားပိုင်လေကြောင်းလိုင်းအနေဖြင့် ပြည်ပခရီးစဉ်များ ထပ်မံတိုးချဲ့ ပြေးဆွဲရန်အတွက် ဘိုးရင်းလေယာဉ်သစ်တစ်စင်း ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိလာကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆

ပြည်သူ့ကျန်းမာရေး အလေးပေး

စာမျက်နှာ - ၂

သဘာဝဘေးသင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်လက်ထောက်ပံ့သွားမည်

စာမျက်နှာ - ၈

ကြေးမုံ စာတည်းရုံးထောင် ၁၄-၁၀-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

ပြည်သူ့ကျန်းမာရေးအလေးပေး

လူမှုဘဝတွင် အရေးအကြီးဆုံးအချက်မှာ ကျန်းမာခြင်းပင်ဖြစ်သည်။ မကျန်းမာလျှင် ငွေကြေးစည်းစိမ်ဥစ္စာ မည်မျှကြွယ်ဝစေကာမူ အချည်းနှီးပင်ဖြစ်သည်။ ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်မှ စိတ်ချမ်းသာမည်ဖြစ်သည်။ သို့သော် မျက်မှောက်ကာလ လူမှုဘဝနေထိုင်စားသောက်မှု ပုံစံများကြောင့် များသောအားဖြင့် ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ထိုအခါ အားကိုးဖွယ်ရာများမှာ ဆေးခန်း၊ ဆေးရုံများပင်ဖြစ်သည်။ ဆေးခန်း၊ ဆေးရုံများကို မြို့ကြီးများတွင် အလွယ်တကူပင် သွားရောက်နိုင်သည်။ ဆေးခန်း၊ ဆေးရုံများအလိုက် မြန်မာနိုင်ငံတွင် အားအကိုးရဆုံးနှင့် ရှေးအကျဆုံး၊ အစုံလင်ဆုံးဆေးရုံမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဖြစ်သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ၁၈၇၂ ခုနှစ်တွင် စတင်တည်ဆောက်ဖွင့်လှစ်ခဲ့သဖြင့် ယခုအခါ နှစ်ပေါင်း ၁၄၃ နှစ် သက်တမ်းရှိနေပြီဖြစ်သည်။ နှစ်ပေါင်း ၁၅၀ နီးပါးရှိခဲ့သော်လည်း တည်ဆောက်မှုစနစ်ကောင်းသဖြင့် ယနေ့ထက်တိုင်တည်တံ့ခိုင်မြဲနေသည်။ ပြည်သူများ အားထားကုသနေရဆဲဖြစ်သည်။

သို့သော် ရုပ်ဝတ္ထုပစ္စည်းဖြစ်သောကြောင့် ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ထိန်းသိမ်းပြုပြင်မွမ်းမံမှုများကို ပြုလုပ်ပေးရသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများကို လက်ရှိအစိုးရ လက်ထက်တွင် စတင်ဆောင်ရွက်ပြီး ပြီးစီးအောင်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရသည်။ ဆေးရုံကြီးကို အဆင့်မြှင့်တင်တည်ဆောက်သကဲ့သို့ ကုသရေး အပိုင်းအတွက်လည်း အဆင့်မြင့်မြင့်ကုသနိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်ကို အထင်အရှားတွေ့ရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ သက်တမ်းကာလအတွင်း ပြည်သူများ ကျန်းမာရေးအတွက် တာဝန်ကျေပွန်စွာဆောင်ရွက်နိုင်ခဲ့သည်။ ပြည်သူလူထု သိန်းပေါင်းများစွာကို အသက်ကယ်တင် ကုသစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ ရန်ကုန်မြို့နေပြည်သူများသာမက ကျေးလက်ပြည်သူများကိုလည်း ကုသမှုပေးနိုင်ခဲ့သည်။ လူတို့ မကျန်းမာသဖြင့် ဆေးရုံတက်ကုသရမည်ဆိုပါက ငွေကြေးအနည်းနှင့်အများ ကုန်ကျမှုရှိမည်ဖြစ်သည်။ ပြင်ပဆေးရုံများဆိုလျှင် ပြောဖွယ်ရာမရှိချေ။

ရောဂါတစ်စုံတစ်ခုဖြစ်လာ၍ ကျန်းမာရေးအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် နိုင်ငံတော်အစိုးရက ပြည်သူအတွက် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ယခင်က ရောဂါကြီးကြီးဖြစ်လာလျှင် ငွေကြေးအတွက် မိသားစုအခက်အခဲဖြစ်ရသောအခြေအနေမှ ယခုအခါ အခမဲ့ဆေးဝါးကုသမှုဖြင့် ပြည်သူများကျန်းမာအောင် ဆောင်ရွက်ပေးနေသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ကောင်းမွန်သော ဝန်ဆောင်မှုများကြောင့် လူနာများမှာ အားကိုးအားထားပြု၍ လာရောက်ကုသကြသည်။ ငွေကြေးအတွက်လည်း အထူးစိုးရိမ်ဖွယ်ရာမရှိတော့ချေ။ အခမဲ့ကုသမှုအပိုင်းတွင် ဆေးဝါးများသာမက ရောဂါရှာဖွေကုသရာတွင် အသုံးပြုသည့် ဓာတ်မှန်၊ အာထရာဆောင်း၊ စီတီစကင် ရိုက်သည်မှအစ အခမဲ့ဝန်ဆောင်မှုပေးနိုင်သည်မှာ အံ့သြဖွယ်ဖြစ်သည်။

အထူးသဖြင့် ခွဲစိတ်ကုသမှု ကြီးကြီးမားမားကိုပင် ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။ အဖြစ်များသော ကင်ဆာရောဂါဆေးများကိုလည်း နိုင်ငံတော်က ပြည်သူအတွက် ကျခံသုံးစွဲပေးနေသောကြောင့် သက်သောင့်သက်သာ ကုသခွင့်ရနေပြီဖြစ်သည်။ ဆေးပစ္စည်း၊ စက်ကိရိယာများမှအစ ခေတ်မီတိုးတက်အောင် ဖြည့်ဆည်းပေးထားသောကြောင့် ပြည်သူများအတွက် အားထားရာဖြစ်လာသည်။

ဆေးရုံကြီး၏ဝန်ဆောင်မှုကောင်းလာခြင်းနှင့်အတူ ကုသမှုခံယူသူများ တိုးပွားနေသဖြင့် လူနာများ များပြားနေသော်လည်း ထိုအတွင်းလူနာ၊အပြင်လူနာများအား ကျန်းမာရေးဝန်ထမ်းများက ပင်ပန်းသည့်ကြားမှ မည်သည်မည်မျှ စေတနာအပြည့်ထား၍ ကြိုးစားဝန်ဆောင်မှုပေးနေသောကြောင့် ဆေးရုံကြီး ၏ဂုဏ်သတင်းမှာ ထင်ရှားလာသည်ဟု ဆိုရမည်။

သို့ဖြစ်ရာ ပြည်သူများကျန်းမာရေးအတွက် အဆင့်မြင့်မြင့်ဆေးကုသမှုခံယူနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ကုသရေးအပိုင်းများတွင် နိုင်ငံတော်က စေတနာရှေ့ထားဆောင်ရွက်ပေးမှုများနှင့်အတူ ပြည်သူများကလည်း အသိတရားရှိစွာဖြင့် စည်းကမ်းတကျ ကုသမှုခံယူကြရမည် ဖြစ်ပါသည်။ ။

(၁၄)ကြိမ်မြောက် အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၃

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Shangri-La ဟိုတယ်၌ အောက်တိုဘာ ၆ရက်မှ ၈ရက်အထိ ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်ခဲ့သည်။

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ရက်က Shangri-La Hotel, Ball Room တွင် ကျင်းပပြီး အစည်းအဝေးစတင်ကျင်းပသည်။ အစည်းအဝေးတွင် သက်ဆိုင်ရာ ASCC ဝန်ကြီးများက မိမိတို့ နိုင်ငံအလိုက် တင်ပြကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ယခု ASCC အစည်းအဝေးတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကြောင့် လောလောဆယ်ဖြစ်ပျက်နေသည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းနှင့် ပတ်သက်၍ အစိုးရ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံဆောင်ရွက်မှုများနှင့် အာဆီယံနိုင်ငံများ၏ ကူညီထောက်ပံ့ပေးခဲ့မှုတို့ကို အသိအမှတ်ပြု ကျေးဇူးတင်ကြောင်း၊ အစိုးရအဖွဲ့အစည်းများနှင့် NGO များက နိုင်ငံတစ်ဝန်း ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို ထိထိရောက်ရောက် ဖြန့်ဝေပေးနိုင်ရန် မှန်ကန်တိကျသည့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို အွန်လိုင်းမှ ကူညီဆောင်ရွက်ပေးခဲ့သည့် အပြင် ကူညီထောက်ပံ့မှုများပေးကြသော နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံ AHA Center နှင့် ASEAN Emergency Response Assessment Team (ERAT) တို့ကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ရွှေ့ပြောင်းလုပ်သားများ အရေးကိစ္စအား တင်ပြသည်။

အာဆီယံအစိမ်းရောင်စီးပွားရေးဌာန၏ လုပ်ငန်းလမ်းညွှန် (TOR) နှင့်ပတ်သက်၍ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ် မိမိတို့ အာဆီယံခေါင်းဆောင်ကြီးများ သဘောတူညီထားရှိပြီးဖြစ်သော ASEAN Institute of Green Economy (AIGE) ထူထောင်မှုကို အချိန်မီဆောင်ရွက်ရန်အတွက် AIGE ၏ လုပ်ငန်းစဉ်များကို အာဆီယံနိုင်ငံများ ၏ သက်ဆိုင်ရာ ဝန်ကြီးဌာနများက အတည်ပြုပေးနိုင်ရန် တိုက်တွန်းခဲ့သည်။

ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲနွမ်းပါးမှုပယ်ဖျောက်ရေးတို့ကို သဘောတူအတည်ပြုပြီးသော ကမ္ဘာ့ကုလသမဂ္ဂ ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (SDG) အစီအစဉ်နှင့် ၎င်း၏ ရည်ရွယ်ချက်များဖြစ်သော အဖွဲ့ဝင်နိုင်ငံများအကြား မညီမျှမှုကို လျှော့ချရေး၊ ကျား/မ တန်းတူညီမျှရေး၊ စွမ်းအင်ဆိုင်ရာ စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရေးနှင့် ရာသီဥတု ပြောင်းလဲမှုအတွက် အရေးပေါ်ဆောင်ရွက်ရေးတို့ကို အလေးထားပြောကြားပြီး နောင်လာမည့် ၁၅ နှစ်အတွက် လုပ်ငန်းတာဝန်များတွင် ASCC ၏ ၂၀၂၀ ရည်မှန်းချက်များနှင့်အညီ အာဆီယံလူမှုစီးပွား အသိုက်အဝန်းအတွက် ဆောင်ရွက်ရန်ကိုလည်း ကောင်း၊ အာဆီယံလူမှုရေး ယဉ်ကျေးမှု အသိုက်အဝန်းအတွက် ရည်ရွယ်ပြီး ထောက်ခံတင်ပြထားသော "One ASEAN: One Response 2020 and beyound; ASEAN Responding to Disaster as One" ၏ ချမှတ်ထားသော လုပ်ငန်းစဉ်များကို ဆောင်ရွက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နည်းပညာပိုင်းဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များကို ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးတွင် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့တင်ပြမည့် ASCC Report ကိုလည်း အတည်ပြုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်	ရွှေဈေး	၇၉၀၅၀၀	- ၇၉၁၅၀၀
မန္တလေး	ရွှေဈေး	၇၉၀၅၀၀	- ၇၉၁၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၄၀/၆၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၇၉၀/၈၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၆၉၀/၇၀၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၇၁၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၂၈၅. ၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၄၅၈. ၆
(ဂ)	တရုတ်	တစ်ယွမ်	=	၂၀၃. ၂၃
(ဃ)	ထိုင်း	တစ်ဘတ်	=	၃၆. ၃၁၀
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၀၇. ၆၇
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၉. ၈၂၀
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၀၇၁. ၂
(ဇ)	တောင်ကိုရီယား	တစ်ရာဝမ်	=	၁၁၂. ၁၅
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	=	၉၄၂. ၂၂
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၉၁၇. ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်
သတ်မှတ်ရည်ညွှန်းနှုန်း

နေပြည်တော်ကောင်စီနယ်မြေတွင် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများဖွင့်

နေပြည်တော် အောက်တိုဘာ ၁၃

လူထုလူတန်းစား အသီးသီးအတွက် လုပ်ငန်းခွင်များအတွင်း ဝင်ရောက်နိုင်ရန်အတွက်သာမက လုပ်ငန်းခွင်ဝင်ပြီးသူများလည်း ဘဝရပ်တည်မှုပိုမိုခိုင်မာစေရန် ရည်ရွယ်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မွေးမြူရေးနည်းပညာ၊ စားကျက်ဖွံ့ဖြိုးရေးပညာနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၌ ယမန်နေ့နံနက် ၉ နာရီခွဲတွင် တစ်ပြိုင်တည်း ဖွင့်လှစ်ပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် ဖွင့်လှစ်လျက်ရှိရာ ဖွင့်ပွဲအခမ်းအနားသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်မိုး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းတွင် ရပ်ကွက်/ကျေးရွာနေ သင်တန်းသား ၂၀ အား စားကျက်မြေနှင့် နွားစာ ချဉ်ဖတ်ပြုလုပ်နည်း၊ ကျွဲ၊ နို့စားနွား၊ ခိုင်းနွား၊ ဆိတ်၊ ဝက်၊ အသားစားကြက်နှင့် ဘဲမွေးမြူရေးဆိုင်ရာ ဘာသာရပ်များ အား အောက်တိုဘာ ၁၂ ရက်မှ ၂၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးသွားမည်ဖြစ် ကြောင်း သိရ သည်။

သန့်မောင်

❑❑❑

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်း
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးမန္တာမြင့်၊ သီသီမင်း
အယ်ဒီတာနှင်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလှိုင်၊ မေသကြီန်၊ ဘေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးဌား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး၊ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မာရတ် ယက်ဆင် ဘာယပ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း **(အောက်ပုံ)**၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဘင်ဂျမင် ကလီးမန်(တ်) အက်ဟန် သည် ယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပေါလ် အာ ဆီဂါ သည် ယနေ့နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်းတို့၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်နှင့် သံတမန်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘင်ဂျမင် ကလီးမန်(တ်) အက်ဟန်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မာရတ် ယက်ဆင် ဘာယပ် သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ပေါလ် အာ ဆီဂါ တို့ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

❖ မြန်မာမှ

ကုန်းပတ်အရာရှိသင်တန်း ကျောင်းသားများအား လက်မှတ်များပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် Maritime Training Center (PGI) မှ Deck Officer Class III ကုန်းပတ်အရာရှိ သင်တန်းသား ကျောင်းသားများအား Certificate of Honour လက်မှတ်များ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ CHATRIUM HOTEL ၌ ကျင်းပရာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်၊ ညွှန်ကြားရေးမှူးများ၊ ရေကြောင်းဘက်ဆိုင်ရာသင်တန်းများမှ ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာများ၊ သင်္ဘောကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ (PGI) သင်တန်းကျောင်းမှ အုပ်ချုပ်မှုဒါရိုက်တာများ၊ ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာများနှင့် သင်တန်းဆင်းကျောင်းသားမိဘများ တက်ရောက်ကြသည်။

ထို့နောက် Chief Instructor Capt; ဦးစိုးလွင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သင်တန်းဆင်းကျောင်းသားများအား အမှာစကားပြောကြားသည်။

ယင်းနောက် ရေးဖြေ၊ နှုတ်ဖြေ၊ အချက်ပြစာမေးပွဲများကို တစ်ကြိမ်တည်းဖြင့် အောင်မြင်ခဲ့သော ထူးချွန်သင်တန်းဆင်းကျောင်းသားများအား တာဝန်ရှိသူ အသီးသီးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် Maritime Training Center (PGI) ကျောင်းအုပ်ကြီး Capt; ဦးဇော်ထွန်းက သင်တန်းဆင်းကျောင်းသားများအား Certificate of Honour လက်မှတ်များပေးအပ်ခဲ့ပြီး သင်တန်းဆင်း ကျောင်းသားများ ကိုယ်စား 2nd Mate F.G စာမေးပွဲ Minor, Written, Oral ကို one attempt ဖြင့် အောင်မြင်ခဲ့သော ကျောင်းသားစိုးမင်းဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

မြန်မာအမျိုးသားပိုင်လေကြောင်းလိုင်း

လက်ရှိတွင် မြန်မာအမျိုးသားပိုင်လေကြောင်းလိုင်း (Myanmar National Airline) အနေဖြင့် ပြည်တွင်းပြည်ပခရီးစဉ်များကို လေယာဉ်အသစ်များဖြင့် တိုးချဲ့ပြေးဆွဲလျက်ရှိရာတွင် ပြည်ပခရီးစဉ်အဖြစ် ရန်ကုန်-စင်ကာပူ-ရန်ကုန် ခရီးစဉ်ကို ဘိုးရင်းလေယာဉ်သစ်တစ်စင်းဖြင့် ပြေးဆွဲပေးနေပြီဖြစ်သည်။

ဆက်လက်၍ ပြည်ပခရီးစဉ် ထပ်မံတိုးချဲ့ပြေးဆွဲမှုအနေဖြင့် ဟောင်ကောင်နှင့် တိုင်ပေတို့သို့ ပြေးဆွဲသွားရန် ဘိုးရင်းလေယာဉ်သစ်တစ်စင်း ထပ်မံရောက်ရှိလာခြင်းဖြစ်သည်ဟု သိရသည်။ ခရီးသည် ၁၆၀ ခန့်ဆံ့ အဆိုပါ ဘိုးရင်းလေယာဉ်သစ်ကြီးဖြင့် လာမည့် ဒီဇင်ဘာလပထမပတ်ခန့်တွင် ဟောင်ကောင်၊ တိုင်ပေခရီးစဉ်ကို ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး ဘိုးရင်းလေယာဉ်နှစ်စင်းဖြင့် အပတ်စဉ်ခြောက်ရက်(စနေနေ့မပါ) ပြေးဆွဲပေးသွားမည်ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းအမှုဆောင်အရာရှိချုပ် ကက်ပတိန် သန်းထွန်းက ပြောသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် မြန်မာနိုင်ငံတွင် မြို့ပေါင်း ၂၆ မြို့သို့ ပျံသန်းပြေးဆွဲနေသော အကြီးဆုံးလေကြောင်းလိုင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်မှ စတင်ကာ နိုင်ငံတကာပျံသန်းမှုခရီးစဉ် ၈ခုကို စတင်ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

ရန်ကုန်-စင်ကာပူ-ရန်ကုန် ခရီးစဉ်ပြေးဆွဲနိုင်ခဲ့မှုအပြီး တိုင်ပေနှင့် ဟောင်ကောင်သို့ ဆက်လက်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကာ အခြားသော နိုင်ငံတကာခရီးစဉ်သစ်များကိုလည်း ဆက်လက်ပြေးဆွဲသွားနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်ဟု သိရသည်။

မြန်မာ အမျိုးသားလေကြောင်းလိုင်းတွင် ပျံသန်းပြေးဆွဲနေသည့် လေယာဉ်အမျိုးအစားများမှာ Boeing Next-Generation 737-800 (ယခု ၂၀၁၅ ခုနှစ်တွင် ရောက်ရှိ)၊ Boeing 737 Max 8 (လာမည့်နှစ်အနည်းငယ်အတွင်းရောက်ရှိမည်)၊ Embraer 190၊ ATR၊ Caravan၊ Beech အမျိုးအစားတို့ဖြစ်ကြောင်း သိရသည်။

နိုင်ငံပိုင်လေကြောင်းလိုင်းသည် သက်တမ်းအားဖြင့် (၆၇) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး မြန်မာအမျိုးသားလေကြောင်းလိုင်းဟူသော အမည်ဖြင့် ယခင်က ပျံသန်းပြေးဆွဲခဲ့ဖူးသော နိုင်ငံတကာခရီးစဉ်များနှင့် အသစ်တိုးချဲ့ပြေးဆွဲမည့်ခရီးစဉ်များကို ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

နာလန်ဒါတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေး အိန္ဒိယနှင့်ပေါ်တူဂီလက်မှတ်ရေးထိုး

နယူးဒေလီ အောက်တိုဘာ ၁၃

ကမ္ဘာ့ရှေးအကျဆုံးတက္ကသိုလ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် နာလန်ဒါတက္ကသိုလ်ပြန်လည်တည်ဆောက်ရေးအတွက် အိန္ဒိယနှင့် ပေါ်တူဂီနိုင်ငံတို့ လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းအရင်းအမြစ်များက အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်အရှေ့ပိုင်းတွင် တည်ရှိသည့် နာလန်ဒါတက္ကသိုလ်သည် နိုင်ငံပေါင်းများစွာ၏ ထောက်ပံ့ကူညီမှုများဖြင့် ထူးချွန်ထက်မြက်သည့် သင်ကြားရေးဗဟိုဌာနတစ်ခုအဖြစ် ပြန်လည်သက်ဝင်လှုပ်ရှားနေပြီဖြစ်သည်။

ပေါ်တူဂီနိုင်ငံသည် နာလန်ဒါတက္ကသိုလ်ပြန်လည်ဖွံ့ဖြိုးရေးအတွက် အိန္ဒိယနှင့် လက်မှတ်ရေးထိုးသည့် တရုတ်၊ ဩစတြေးလျ၊ အင်ဒိုနီးရှားနှင့် သိရိလင်္ကာနိုင်ငံတို့အပါအဝင် (၁၇)ခုမြောက်နိုင်ငံဖြစ်သည်။

နာလန်ဒါတက္ကသိုလ်သည် ၂၀၁၀ ခုနှစ်အောက်တိုဘာ ၂၅ ရက်တွင် ပြဋ္ဌာန်းသော နာလန်ဒါတက္ကသိုလ်အက်ဥပဒေနှင့်အတူ ပြန်လည်ဖွင့်လှစ်ခဲ့သည့် တက္ကသိုလ်ဖြစ်သည်။ နာလန်ဒါတက္ကသိုလ်၏ ပထမဆုံးသင်ကြားရေးအစီအစဉ်ကို လွန်ခဲ့သည့်နှစ်က ကျောင်းသား ၁၅ဦးဖြင့် ပြန်လည်စတင်ခဲ့သည်။

ရှေးအခါက နာလန်ဒါတက္ကသိုလ်တွင် ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်းမှ ကျောင်းသားဦးရေ ၁၀၀၀၀နှင့် ဆရာ ၂၀၀ တို့ ပညာသင်ကြားပို့ချပေးခဲ့သည့် ကမ္ဘာ့ပထမဆုံးသော ကျောင်းအိပ်ကျောင်းစား နေထိုင်ခွင့်ပေးသည့် တက္ကသိုလ်ဖြစ်သည်။ **ဆင်ဟွာ။**

ယူနက်စကိုသို့ ရန်ပုံငွေထည့်ဝင်မှု ဖြတ်တောက်မည်ဟု ဂျပန်ခြိမ်းခြောက်

တိုကျို အောက်တိုဘာ ၁၃

၁၉၃၇ ခုနှစ် နန်ကျင်း လူသတ်ပွဲနှင့် သက်ဆိုင်နေသော သမိုင်းကြောင်းစာလွှာစာတမ်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းရန် ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့က ဆုံးဖြတ်ခဲ့ပြီးနောက် အဆိုပါ အဖွဲ့အစည်းသို့ ရန်ပုံငွေထည့်ဝင်မှုကို ဖြတ်တောက်ရဖွယ်ရှိသည်ဟု ဂျပန်နိုင်ငံက ခြိမ်းခြောက်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်း တရုတ်နိုင်ငံ နန်ကျင်းမြို့၌ ဂျပန်တပ်ဖွဲ့ဝင်များက အရပ်သားများကို အစုအပြုံလိုက် သတ်ဖြတ်မှုများ ပြုလုပ်ခဲ့သည့်ဖြစ်ရပ်နှင့်ပတ်သက်၍ တရုတ်အဖွဲ့အစည်းများက တင်သွင်းသည့် မှတ်တမ်း စာလွှာစာတမ်းများကို ကမ္ဘာ့မှတ်တမ်းများစာရင်းတွင် ထည့်သွင်းရန် ယူနက်စကိုက ဆုံးဖြတ်ခဲ့ခြင်းသည် ဘက်လိုက်မှုဖြစ်သည်ဟု ဂျပန်နိုင်ငံက ဝေဖန်ရှုတ်ချခဲ့သည်။

ယူနက်စကို၏ ဆုံးဖြတ်ချက်သည် ယင်းသမိုင်းဖြစ်ရပ်နှင့် ပတ်သက်၍ တရုတ်နိုင်ငံ၏ အမြင်ကိုသာ ထင်ဟပ်လျက်ရှိကြောင်း ဂျပန်ဝန်ကြီးများအဖွဲ့အတွင်းဝန်ချုပ် ယိုရှိဟီဒဲ ဆုဂါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နန်ကျင်း လူသတ်ပွဲဖြစ်ရပ်အတွင်း သေဆုံးခဲ့ရသူ အရေအတွက်နှင့် ပတ်သက်၍ ဂျပန်နှင့် တရုတ်နိုင်ငံ အကြား ခန့်မှန်းတွက်ချက်ပုံချင်း ကွဲပြားခြားနားလျက်ရှိသည်။

မိမိတို့ နှစ်နိုင်ငံအကြား ဝိဝါဒ ကွဲပြားနေသော ရှုထောင့်အမြင်များ ရှိနေသည့်ကြားမှ ယူနက်စကို၏ ဆုံးဖြတ်ချက် ပေါ်ထွက်လာခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **ရိုက်တာ။**

ရှင်းကျန်းဒေသ၌ နှစ် ၃၀၀၀ ဝန်းကျင်သက်တမ်းရှိ ရှားပါးရေးဟောင်းခေါင်းတလားများ တူးဖော်တွေ့ရှိ

ယူရမ်ကွီ အောက်တိုဘာ ၁၃

တရုတ်ရှေးဟောင်းသုတေသနပညာရှင်များက တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှင်းကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပိုမိုသေးငယ်သော ခေါင်းတလားတစ်ခုပါရှိသည့် နှစ် ၃၀၀၀ သက်တမ်းရှိ ကျောက်ခေါင်းတလားတစ်လုံးကို တွေ့ရှိခဲ့ကြောင်းသိရသည်။

ရှင်းကျန်းပြည်နယ်၌ ပထမဆုံးတွေ့ရှိသော အဆိုပါ ခေါင်းတလားများကို ကျင်ဟဲစီရင်စုရှိ တရုတ်ရှေးဟောင်းသုတေသနပညာရှင်များက ယခုလအစောပိုင်းတွင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၃ မီတာရှည်ပြီး ၁ ဒသမ ၆၅ မီတာကျယ်သည့် ခေါင်းတလားအကြီးအတွင်း၌ပြန့်ကျဲနေသော အရိုးများကို တွေ့ရှိခဲ့ရသည်။ အဆိုပါ ခေါင်းတလားမှာ ရုပ်ကလာပ်များအတွက် ပထမဆုံးထားရာနေရာမဟုတ်ဟု ထင်ကြေးပေးခဲ့သော်လည်း သိပ္ပံဆိုင်ရာစမ်းသပ်မှုများပြုလုပ်ပြီးပါက သုံးသပ်ချက်ကိုအတည်ပြုနိုင်ကြောင်း တူးဖော်မှုကို ဦးဆောင်ခဲ့သည့် တွဖက်သုတေသနပညာရှင် ကောင်ဝူက ပြောကြားသည်။

၎င်း၏အဆိုအရ ၁ ဒသမ ၇ မီတာဝန်းကျင်ရှည်၍ ၁ ဒသမ ၅ မီတာကျယ်သော ခေါင်းတလားအသေးအတွင်း မြေအိုးမြေခွက်များ၊ အရိုးနှင့် ကျောက်ဖြင့်ပြုလုပ်ထားသောတန်ဆာပလာများနှင့်အတူ အမျိုးသမီးတစ်ဦး၏ အပြည့်အစုံပါရှိသော အရိုးစုတစ်ခုကို တူးဖော်တွေ့ရှိခဲ့သည်။ ခေါင်းတလားအကြီးကို လွန်ခဲ့သောနှစ်ပေါင်း ၃၈၀၀ နှင့် ၃၅၀၀ အတွင်း တည်ဆောက်ထားခြင်းဖြစ်ပြီး ခေါင်းတလားအသေးကို လွန်ခဲ့သောနှစ် ၂၈၀၀ နှင့် ၂၅၀၀ အတွင်း တည်ဆောက်ထားခြင်းဖြစ်သည်။ ခေါင်းတလားအသေးကို ခေါင်းတလားအကြီးပြန်သုံးလိုသူများက ပြုလုပ်ထားခြင်းဖြစ်ကြောင်း သုတေသနပညာရှင်များက ထင်ကြေးပေးခဲ့ကြသည်။

၎င်းတို့သည် ခေါင်းတလားပုံ များအား ထောင့်ပေါင်းစုံမှရိုက်ကူးထားသောပုံများရရှိရန် မောင်းသူမဲ့လေယာဉ်တစ်စင်းကို အသုံးပြုနေကြောင်း၊ တွေ့ရှိချက်များမှာ အယ်တိုင်းဒေသရှိ ရေကြည်ရာမြက်နုရာလှည့်လည်နေထိုင်သည့်လူမျိုးများ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုကို သုတေသနပြုလုပ်ရာတွင် အရေးပါကြောင်း ဝူကဆိုသည်။ **ဆင်ဟွာ။**

ဂျပန်ကာကွယ်ရေးဝန်ကြီး တောင်ကိုရီးယားသို့ လာရောက်မည်

ဆိုးလ် အောက်တိုဘာ ၁၃

ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး နာကာတာနီသည် လာမည့်ရက်သတ္တပတ်အစောပိုင်းတွင် တောင်ကိုရီးယားနိုင်ငံသို့ လာရောက်မည်ဖြစ်ပြီး တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးသည် အောက်တိုဘာ ၂၀ ရက်၊ ဝန်းကျင်တွင် တောင်ကိုရီးယားသို့ ရောက်ရှိမည်ဟု မျှော်လင့်ရသော်လည်း ခရီးစဉ်အသေးစိတ်ကို မသိရသေးကြောင်း ယင်း တာဝန်ရှိသူက ပြောကြားသည်။

၎င်း၏ ခရီးစဉ်မှာ ၂၀၁၂ ခုနှစ်ဒီဇင်ဘာလအတွင်း ဝန်ကြီးချုပ်အဖြစ် ရှင်ဇိုအာဘေး တာဝန်စတင် ထမ်းဆောင်ချိန်နောက်ပိုင်း ဂျပန်ကာကွယ်ရေးဝန်ကြီးတစ်ဦး ပထမဆုံးအကြိမ် တောင်ကိုရီးယားသို့ လာရောက်သည့် ခရီးစဉ်ဖြစ်သည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန အကြီးအကဲတစ်ဦးသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်းက တောင်ကိုရီးယားသို့ နောက်ဆုံးလာရောက်ခဲ့ဖူးသည်။ ဂျပန်နှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးမှုများအတွင်း ဗိုလ်ချုပ်ကြီး နာကာတာနီက လွန်ခဲ့သည့် စက်တင်ဘာလအတွင်း ပါလီမန်က အတည်ပြုပေးခဲ့သည့် လုံခြုံရေးဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားမည်ဟု မျှော်လင့်ရသည်။

ယင်းဥပဒေများအရ ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့များသည် ပင်လယ်ရပ်ခြားတွင် ယင်း၏ မဟာမိတ်နိုင်ငံများ အထူးသဖြင့် အမေရိကန်နှင့် စစ်ရေးတာဝန်ပူးတွဲထမ်းဆောင်လာနိုင်သည်။ **ဆင်ဟွာ။**

တာလီဘန်စစ်သွေးကြွများ ကန်ဒုဇ်မြို့မှ ဆုတ်ခွာ

ကဘူး အောက်တိုဘာ ၁၃

အာဖဂန်နစ္စတန် အစိုးရတပ်ဖွဲ့များ၏ ပြင်းပြင်းထန်ထန် ခုခံမှုကြောင့် ကန်ဒုဇ်ပြည်နယ်၏ မြို့တော်ကန်ဒုဇ်မှ တာလီဘန်စစ်သွေးကြွတပ်ဖွဲ့များ ဆုတ်ခွာသွားပြီဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ယနေ့တွင်အတည်ပြု ပြောကြားကြသည်။

တာလီဘန် စစ်သွေးကြွများသည် ကန်ဒုဇ်မြို့ကို ယခုနှစ် စက်တင်ဘာ ၂၉ ရက်မှစ၍ သိမ်းယူထားခြင်းဖြစ်သည်။ ယင်းမြို့သည် မြို့တော်ကဘူး၏ မြောက်ဘက်ကီလိုမီတာ ၂၅၀ အကွာ၌ တည်ရှိသည်။ ကန်ဒုဇ်မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် တာလီဘန်တိုက်ခိုက်ရေးသမားများက ဆုတ်ခွာပေးခြင်းဖြစ်ကြောင်း သတင်းဌာနများသို့ ထုတ်ပြန်ပေးသော တာလီဘန်အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။

မိမိတို့သည် ကန်ဒုဇ်မြို့ကို သိမ်းယူရာတွင် ရည်မှန်းချက် ပေါက်မြောက်အောင်မြင်ခဲ့ကြောင်း၊ အာဖဂန်အစိုးရက ဖမ်းဆီးထားသည့် အကျဉ်းသားများကို အကျဉ်းထောင်များမှ ပြန်လည်စေလွှတ်ပေးနိုင်ခဲ့ကြောင်း၊ အာဖဂန်အစိုးရတပ်ဖွဲ့များထံမှလည်း လက်နက်များနှင့် ခဲယမ်းမီးကျောက်များကို သိမ်းယူနိုင်ခဲ့ကြောင်း တာလီဘန်အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။

တာလီဘန်တပ်ဖွဲ့များသည် အကြီးအကျယ် သေကျေပျက်စီးမှုများ ခံစားရပြီးနောက် ကန်ဒုဇ်မြို့မှ ပြန်လည်ဆုတ်ခွာသွားကြကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ ကာဆင်ဂျန်ဂဲလ် ဘာ့ဂျ်က အောက်တိုဘာ ၁၃ ရက် တွင် မီဒီယာများသို့ အတည်ပြု ပြောကြားခဲ့သည်။ **ဆင်ဟွာ။**

ပြည်တွင်းရေးရာ

ဒုတိယသမ္မတ ဦးဥာဏ်ထွန်း အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားနှင့် ဘေးသင့်ပြည်သူများ မြန်လည်ထူထောင်ရေး ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

●ကျောဖုံးမှ

ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ပျက်စီးဆုံးရှုံးမှုဒဏ်ကို ခံခဲ့ရသော မြန်မာနိုင်ငံ အနှံ့အပြားရှိ ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေး အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ အရပ်ဘက် လူအဖွဲ့အစည်းများနှင့် လူသားချင်း စာနာပံ့ပိုးသည့် အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း လူငယ်များက သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

ယခုလို ပရဟိတစိတ်ဓာတ် အပြည့်အဝနှင့် အနစ်နာခံ ကြိုးပမ်းခဲ့သူများနှင့် ရေဘေးသင့်ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် အသက်ဆုံးရှုံးမှုများကို နည်းနိုင်သမျှ နည်းစေရန် ကာကွယ်ပေးနိုင်ခဲ့ပြီး စီးပွားရေးထိခိုက်မှု အကျိုးဆက်များကိုလည်း နည်းပါးအောင် ကြိုတင်ပြင်ဆင်ပေးနိုင်ခြင်းဖြင့် ကနဦးစိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ရပ်ရွာအများစုတွင် ကိုယ်ထူကိုယ်ထ စွမ်းဆောင်နိုင်မှုများကို ကြည့်ခြင်း အားဖြင့် **"ဘေးအန္တရာယ်အသိကြွယ်၊ ဘဝများစွာ ကာကွယ်မယ်"** ဟူသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် လျှော့ချရေးနေ့ ဆောင်ပုဒ်အတိုင်း မိရိုးဖလာ တိုင်းရင်းသား ဓလေ့ထုံးတမ်းများ၊ ဒေသန္တရအသိအမြင်များဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကို အထောက်အကူပြုနိုင်ခဲ့သည်ဟု ဆိုနိုင်ပါကြောင်း၊ တစ်ဆက်တည်းကျင်းပမည့် "ပြန်လည်ထူထောင်ရေး နှီးနှောဖလှယ်ပွဲ"တွင် မြန်မာနိုင်ငံအတွက် လက်တွေ့ကျသော၊ ထိရောက်မှုရှိသော၊ အားလုံးပါဝင်သော၊ ရေရှည်တည်တံ့သော အနာဂတ်ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ တုံ့ပြန်နိုင်စွမ်းရှိသော ပြန်လည်ထူထောင်ရေး မူဘောင်တစ်ရပ်ဖော်ထုတ်ရန် ဖြစ်ပါကြောင်း။

အဆိုပါမူဘောင်အတွက် အခြေခံဖြစ်သည့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးနှင့် ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကိုသိရှိနိုင်ရန် "ရေဘေးနှင့် မြေပြိုဘေးကာလလွန် လိုအပ်ချက်များ လေ့လာဆန်းစစ်ခြင်း" လုပ်ငန်းစဉ်ကို ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ၊ JICA နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ရေဘေးနှင့် မြေပြိုဘေးကာလလွန် လိုအပ်ချက်များ လေ့လာဆန်းစစ်ခြင်း နောက်ဆုံးတွေ့ရှိချက်အရ မကြာသေးခင်က ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် ဆုံးရှုံးမှုသည် ကနဦး သုံးသပ်တွက်ချက်မှုများထက် ပိုမိုများပြားခဲ့သည်ဟု သိရှိရပါကြောင်း၊ လုပ်ငန်းစဉ်အစမှာကတည်းက မြန်မာအစိုးရ အနေဖြင့်ဘေးအန္တရာယ်၏ အကျိုးဆက်ပမာဏကြီးမားမှုနှင့် ပြည်သူလူထု၏ အရေးပေါ်လိုအပ်ချက်များကို အသိအမှတ်ပြုပြီး ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ချင့်ချိန်ဆုံးဖြတ် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် "မည်သူမျှ မကျန်ခဲ့စေရ" နှင့် "မူလ အခြေအနေထက် သာလွန်ကောင်းမွန်အောင် ပြန်လည်ထူထောင်ပေးရမည်" ဟူသည့်မူများကို ကတိကဝတ် ပြုခဲ့ပါကြောင်း၊ အကြံပေးအဖွဲ့၊ ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များ ဆန်းစစ်ရေးအဖွဲ့၊ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့များ၏ ဦးဆောင်မှုနှင့် ပြည်သူလူထု၏ အားတက်သရော ပူးပေါင်းပါဝင်မှုတို့ဖြင့် ဤကတိကဝတ်များကို ဖြည့်ဆည်းပေးနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း။

ပြန်လည်ထူထောင်ရေးစီမံကိန်းအတွက် အရေးကြီးသည့် အချက်(၃)ချက်ကို ပြောလိုပါကြောင်း၊ ပထမအချက်မှာ မူဝါဒပိုင်းဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးစီမံကိန်းသည် သမ္မတကြီး ဦးသိန်းစိန်အစိုးရမှ အစပြုခဲ့သော အကောင်အထည်ဖော်ဆဲ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အားဖြည့်ပေးရမည့်အပြင် ရေရှည်တည်တံ့ပြီး သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိသော စီးပွားရေးတိုးတက်မှု အခြေခံများကို ချမှတ်ပေးမည့် ပြန်လည်ထူထောင်ရေးစီမံကိန်းမျိုး ဖြစ်သင့်ပါကြောင်း၊ သမ္မတကြီး ဦးသိန်းစိန် မကြာခင်ကပြောကြားခဲ့သည့် မိန့်ခွန်းတွင် ရေဘေးသင့်ပြည်သူများကို ငွေကြေးနှင့် လူမှုကာကွယ်မှု အထောက်အပံ့များ ပေးခြင်းသည် အရေးကြီးသည့် ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဖြစ်သကဲ့သို့ ကျေးလက်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆိုးရွားပြင်းထန်သော ရာသီဥတုအခြေအနေအမျိုးမျိုးတွင် ရပ်တည်ရှင်သန်တိုးတက်နိုင်မည့် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းမဟာဗျူဟာများကို ပြန်လည်ထူထောင်ရေးစီမံကိန်းတွင် ထည့်သွင်းချမှတ်သွားရန် လမ်းညွှန်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဤစီမံကိန်းသည် လက်ရှိ လုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဖြစ်သည့် မြေအသုံးပြုမှု စီမံကိန်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာများ၊ သီးနှံအမယ် မျိုးစုံ၊ မျိုးကွဲစိုက်ပျိုးရေး၊ တန်ဖိုးကွင်းဆက်များ တိုးတက်မှု၊ ပဂ္ဂလိကကဏ္ဍတိုးတက်မှု တို့နှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်ရန် လိုပါကြောင်း။

ဒုတိယအချက်မှာ ဖွဲ့စည်းမှုအပိုင်း ဖြစ်ပါကြောင်း၊ ယခုပြန်လည်ထူထောင်ရေးစီမံကိန်းသည် အရေးပေါ်လုပ်ငန်းများ လုပ်ဆောင်ရေးသာမက ရေရှည် မျှော်မှန်းချက်များကိုပါ ဦးတည်သည့် ဖွဲ့စည်းမှုဆိုင်ရာ မူဘောင်ပေါ်တွင် အလေးထားသင့်ပါကြောင်း၊ ဘေးသင့်ကျရောက်မှုများသည် အစိုးရများ၊ အေဂျင်စီများနှင့် အဖွဲ့အစည်းများ၏ နယ်နိမိတ်ကန့်သတ်မှုများကို ကျော်လွန်ခဲ့ကြောင်း ပြီးခဲ့သည့် ဘေးသင့်ကာလ အတွေ့အကြုံများက သက်သေပြခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ဌာနအချင်းချင်းများကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အုပ်ချုပ်ဖွဲ့စည်းမှုပုံစံဖြစ်ရန် လိုပါကြောင်း၊ ပါဝင်သင့်သည့် ဖွဲ့စည်းမှုများမှာ ဌာနပေါင်းစုံမှ ပုံ့ပိုးပေးရမည့် ကြိုတင်သတိပေးခြင်းနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှု စနစ်များ၊ စစ်ဘက်နှင့် အရပ်ဘက် ပူးပေါင်းဆောင်ရွက်သည့် အရေးပေါ်လုပ်ငန်းယန္တရားစနစ်များ၊ ကဏ္ဍပေါင်းစုံမှ နည်းဟောင်းနှင့် နည်းသစ် နှစ်ခုစလုံး အသုံးပြုသည့် အရေးပေါ်ထောက်ပံ့ရေးစနစ်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာ အရင်းအမြစ်များကို စည်းရုံးလုပ်ဆောင်နိုင်သည့် ပြန်လည်ထူထောင်ရေး ပူးပေါင်းညှိနှိုင်းမှု ဗျူဟာများနှင့် ဌာနအသီးသီးမှ သီးခြားဆောင်ရွက်နေသည့် လုပ်ငန်းများကို ဗဟိုအစိုးရ၏ ရေ၊ မြေ အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံ ဆိုင်ရာမဟာဗျူဟာအဖြစ် ပေါင်းစည်းပေးမည့် စီမံခန့်ခွဲမှု မူဘောင်များ ဖြစ်ပါကြောင်း။

တတိယအချက်မှာ ဘဏ္ဍာရေးပိုင်း ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေး စီမံကိန်းအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှရရှိသည့် ပြန်လည်ထူထောင်ရေးရန်ပုံငွေများကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုနိုင်ရေးအတွက် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှုရှိသည့် အရင်းအမြစ်များ စည်းရုံးမှု၊ ဦးစားပေး ရွေးချယ်မှုနှင့် စောင့်ကြည့်အကဲဖြတ်မှုများ ပြုလုပ်နိုင်သည့် ဗျူဟာများကို သတ်မှတ်သင့်ပါကြောင်း၊ အဆိုပါမဟာဗျူဟာကို အကောင်အထည်ဖော်ရန်အတွက် အမျိုးသားဘေးအန္တရာယ်ရန်ပုံငွေနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

မကြာခင်ကာလတွင် ရွှေးကောက်ပွဲကြီး ကျင်းပတော့မည် ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွှေးကောက်ပွဲကသာ နိုင်ငံနှင့် လူမျိုးအတွက် ငြိမ်းချမ်းခြင်းနှင့် သာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်မှာ ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွှေးကောက်ပွဲသည် စစ်မှန်သည့် ဒီမိုကရေစီ ရှေ့ခရီးအတွက် ခိုင်မာသည့်အာမခံချက်လည်း ဖြစ်ပါကြောင်း ယခု ရွှေးကောက်ပွဲကြီးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးပါကြောင်း။

ဤသို့ အရေးကြီးသည့် သမိုင်းတက္ကေ့ကို ဖြတ်သန်းနေရချိန်တွင် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုကို ဦးတည်သည့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ဆိုသည့် ကြီးမားလှသော တာဝန်ကိုလည်း မိမိတို့အားလုံး ထမ်းဆောင်နေရခြင်း ဖြစ်ပါကြောင်း၊ များပြားလှသည့်တာဝန်များကြောင့် ကနဦးပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်မှု၊ ရေရှည်ပြန်လည်ထူထောင်ရေးစီမံကိန်းရေးဆွဲမှုများကို အဟန့်အတား မဖြစ်စေရန် အချိန်နှင့်အမျှ ကြိုးပမ်းလျက်ရှိပါကြောင်း၊ သန်းချီသော ပြည်သူလူထုများအတွက် ယင်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ အရင်းအမြစ်နှင့် ရန်ပုံငွေ ကန့်သတ်ချက်များရှိနေသော အစိုးရဌာနများအတွက် ဌာနအလိုက်လုပ်ငန်းစဉ် ဦးစားပေးအစီအစဉ်များ ချမှတ်နိုင်ရန်၊ နိုင်ငံတကာအလှူရှင်များအတွက်လည်း အကူအညီအထောက်အပံ့များ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ပြန်လည်ထူထောင်ရေး မူဘောင်နှင့် စီမံချက်ဆောလျင်စွာ ပေါ်ထွက်လာရေး အားလုံးပိုင်းဝန်းကြီးပမ်းပေးသွားကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် UNDP ဌာနေ ကိုယ်စားလှယ် မစ္စတာ တွိုင်လီ ကာဘာနော့ဇ်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေး အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါ**းရေးနေ့ အခမ်းအနားဆောင်ပုဒ်မှာ "ဘေးအန္တရာယ် အသိကြွယ်၊ ဘဝများစွာ ကာကွယ်မယ်"** ဟူ၍ ဖြစ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းအတွင်းရှိ မှတ်တမ်းမှတ်ပုံများအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဖိုရမ်ကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါဖိုရမ်တွင် ပြန်လည်ထူထောင်ရေးဖိုရမ်၏ ရှေ့အမြင်နှင့် ရည်ရွယ်ချက်အား အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာရင်ရင်နွယ်က လည်းကောင်း၊ ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်မှု ဆန်းစစ်ချက်အစီရင်ခံတင်ပြခြင်းအား ကမ္ဘာ့ဘဏ်မှ မစ္စတာ

UNDP ဌာနေ ကိုယ်စားလှယ် မစ္စတာ တွိုင်လီ ကာဘာနော့ဇ်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ဂရေပန်တင်ကလည်းကောင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ မူဘောင်မူကြမ်းအား အကြံပေးအဖွဲ့အတွင်းရေးမှူး Dr.ဇော်ဦးကလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ မဟာဗျူဟာအား ကဏ္ဍအလိုက် ဆွေးနွေးခြင်း၊ စုစည်းတင်ပြခြင်းနှင့် ပြန်လည်ထူထောင်ရေးမူဘောင်နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

○အင်းလေးဒေသမှ

အင်းလေးဒေသတွင် ဟိုတယ်ဇုန်တည်ဆောက်ရခြင်းဖြစ်ကြောင်းလည်း သိရသည်။

အင်းလေးဒေသ ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းကော်မတီမှ ၆၆/၁၁ ကေဗီ ၂၀ အမ်ဗီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ခြင်း၊ နောင်ကားခွဲရုံမှ ဟိုတယ်ဇုန်ခွဲရုံအထိ ၆၆ ကေဗီ ဓာတ်အားလိုင်း ၂၆ ဒသမ ၄ မိုင်တည်ဆောက်ခြင်း၊ ဟိုတယ်ဇုန်(အေ၊ ဘီ၊ စီ)အတွင်း ၁၁ ကေဗီဓာတ်အားလိုင်း ၂၀ ဒသမ ၈၄ မိုင် တည်ဆောက်ခြင်း၊ လမ်းမီးတိုင် Double Pole အလုံး ၃၆၀နှင့် Single Pole အလုံး ၂၂၀ တည်ဆောက်ခြင်း၊ ၁၁/၀ ဒသမ ၄ ကေဗီ ၅၀ ကေဗီအေ ထရန်စဖော်မာ ၁၀ လုံး တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ(၄၈ ပေ×၄၄ ပေ) တစ်လုံးတည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ဟိုတယ်ဇုန်အတွင်းရှိ ဟိုတယ်များ တည်ဆောက်ပြီးစီးပါက ဓာတ်အားလိုအပ်မှုကို ဖြည့်ဆည်းပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အင်းလေးဒေသဟိုတယ်ဇုန်တွင် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးရန် အသင့်အနေအထားတွင် ရှိနေသော်လည်း ဟိုတယ်ဇုန်အတွင်းရှိ ဟိုတယ်များ တည်ဆောက်ပြီးစီးပါက အဆင်သင့်လျှပ်စစ်ဓာတ်အားပေးနိုင်မည်ဟု ဆိုသည်။ သို့သော် ဟိုတယ်ဇုန်တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ပတ်သက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအားစုံစမ်းခဲ့ရာတွင် "အဲဒီ အင်းလေးဒေသမှာ အကောင်အထည်ဖော်တည်ဆောက်နေတဲ့ ဟိုတယ်ဇုန်အပိုင်းက ကျွန်တော်တို့နဲ့ မဆိုင်သေးပါဘူး။ တည်ဆောက်ပြီးစီးတဲ့အချိန် ကျွန်တော်တို့ထံ အပ်မှသာ ကျွန်တော်တို့နဲ့ ဆိုင်မှာပါ။ လက်ရှိတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေ အဲဒီ အင်းလေးဒေသဟိုတယ်ဇုန်ကို တာဝန်ယူတည်ဆောက်ပေးနေတာပါ"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သတင်း-နိုင်လင်းကြည်
ဓာတ်ပုံ-မောင်မောင်သန်း(တောင်ကြီး)

အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်

နေပြည်တော် အောက်တိုဘာ ၁၃

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှူးဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

ဘာသာပြန်စာပေ၏ ရှေ့ခရီး

ဦးဟန်ညွှန့်(ဥပဒေ)

ဘာသာပြန်စွမ်းရည်

ဘာသာပြန်စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် ဘာသာပြန်ပြိုင်ပွဲတစ်ရပ်ကို စာပေဗိမာန်ကကြီးမှူး၍ ကျင်းပသွားမည့် သတင်းဖတ်ရသည်။ ကြိုဆိုပါသည်။ ယနေ့ မြန်မာ့စာပေကို ကမ္ဘာသို့ နည်းမျိုးစုံဖြင့် ဖြန့်ချိသင့်သည် မဟုတ်ပါလော။

ဘာသာပြန်စာပေစာတမ်းများ

တစ်ခေတ်တစ်ခါက စာပေဗိမာန်မှ ဦးစီးကျင်းပခဲ့သော ဘာသာပြန်စာပေစာတမ်းများ ဖတ်ပွဲများကို စာရေးသူ ပြန်လည်သတိရမိသည်။ ဘာသာပြန်စာပေနှီးနှောဖလှယ်ပွဲတွင် ပညာရှင်ကြီးများ စာတမ်းဖတ်ကြားခြင်း၊ ဆွေးနွေးခြင်း၊ ဗဟုသုတဖလှယ်ခြင်းများကို တသလွမ်းဆွတ်မိသည်။ ပြန်ပြောင်းလေ့လာမိသည်။

မှတ်မိသမျှ

လွန်ခဲ့သော ၁၉၆၉ ခုနှစ်က ဖြစ်ပါသည်။ စာပေဗိမာန်က ဦးစီးကျင်းပသည့် ဘာသာပြန်စာပေနှီးနှောဖလှယ်ပွဲတွင် အောက်ပါစာတမ်းများ ဖတ်ကြားခဲ့သည်။

၁။ မြန်မာနိုင်ငံရှေးခေတ် ဘာသာပြန်သမိုင်းအချုပ်- ဦးဝန်(မင်းသုဝဏ်)
၂။ ဘာသာပြန်သူတစ်ဦး၏ အတွေ့အကြုံနှင့် ထင်မြင်ချက်များ- သခင်ဘသောင်း
၃။ ရသစာပေ ဘာသာပြန်ပြဿနာအချို့ - ဦးသိန်းဟန်(ဇော်ဂျီ)
၄။ တိုင်းရင်းသားစာပေများ အပြန်အလှန်ဘာသာပြန်ရေး-ဦးတင်ဇ
၅။ ဘာသာပြန်ဆောင်းပါး-ဦးထင်ဖတ် (မောင်ထင်)
၆။ ဘာသာပြန်သတင်း-ဦးသိန်း(ဇဝန)
၇။ ဆီလျော်သည့်ဘာသာပြန်နှင့် မဆီလျော်သည့် ဘာသာပြန်များ- ဦးထင်ကြီး
၈။ မြန်မာကဗျာမှ အင်္ဂလိပ်ကဗျာသို့ ပြန်ဆိုခြင်း - ဦးဝင်းဖေ
၉။ မြန်မာစကားပြေမှ အင်္ဂလိပ်စကားပြေသို့ပြန်ဆိုခြင်း- ဦးခင်ဇော်
၁၀။ ဘာသာပြန်လူထုသိပ္ပံစာပေ-ဦးတင်မောင်(မှူးတင်)
၁၁။ ဘာသာပြန်သင်တန်း- ဦးအုန်းဖေ(တက်တိုး)

ကိုမြန်မာတို့

ဘာသာပြန်ဆရာကြီးဖြစ်သော သခင်ဘသောင်းသည် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ရန် အလွန်အရေးကြီးပုံကို စာတမ်းတစ်စောင်တွင် အောက်ပါအတိုင်း ရေးသားခဲ့ဖူးပါသည်။

"အချင်းတို့၊ အမျိုးသားတို့၊ ကိုမြန်မာတို့ ငါတို့သည် ဤလောကစစ်ပွဲကြီးကို အဘယ်သို့ တိုက်ကြပါမည်နည်း။ ငါတို့သည် ငါတို့နိုင်ငံကို လုံးဝလွတ်လပ်ခွင့်နှင့် နေစွမ်းနိုင်အောင် ဆောင်ရွက်ကြကုန်အုံ့။ ပညာမျက်စိကို ရှာကြကုန်အုံ့။ ဘာသာပြန်ရေးကို ကောင်းစွာ ကြိုးပမ်း၍ ဆောင်ရွက်ကြကုန်အုံ့။

ပညာမျက်စိကိုပေးမည့်ဘာသာပြန်အလုပ်ကို ကောင်းစွာလုပ်ဆောင်ကြလော့။

ဘာသာပြန်ရေးသည် ငါတို့နှင့် အားမတန်အောင်ကြီးသော အရေးကြီးဖြစ်သည်ဟု လည်းကောင်း၊ ငါတို့မလုပ်ကောင်းဟု လည်းကောင်း မထင်အပ်။

ဘာသာပြန်ရေးသည် မိုးပေါ်က ကြယ်မို့ခက်ရမည်လော။ လာကြလော့။ ယခုပင် ငါတို့ ဆွယ်ကြကုန်အုံ့။

သတ္တိသွေး

ဆရာကြီး သခင်ဘသောင်း၏ စာတမ်းကို ဖတ်ရှုသူတိုင်း ကြက်သီးမွေးညင်းထမိ၏။ မြန်မာပီသမိ၏။ အမျိုးချစ်မိ၏။ နိုင်ငံချစ်မိ၏။ ပညာလိုလားမိ၏။ ဘာသာပြန်ရေးအတွက် အားတက်မိ၏။ သတ္တိသွေးတက်ကြွလာ၏။ ယနေ့ လူငယ်တို့အား ဆရာကြီး၏ တိုက်တွန်းချက်ကို ထပ်မံဝေငှပါ၏။ ဖတ်ရှုပြီးသားဖြစ်ပါကလည်း ဘယ်သောအခါမှ ရိုးအီ၍ မသွား။ ထပ်တလဲလဲ သတ္တိသွေးပွားများမည်ဟု စာရေးသူက ယုံကြည်ဝေငှရပါ၏။

အခြားသော စာတမ်းများ

အခြားသောဘာသာပြန်စာတမ်းများ အထင်အရှား ကျန်ပါသေး၏။ အောက်ပါအတိုင်းဖြစ်ပါ၏။

၁။ ဘာသာပြန်သဘောနှင့် အထောက်အကူပြုကျမ်းများ- ဦးသော်ကောင်းနှင့် ငြိမ်းကျော်
၂။ ဘာသာပြန်ရသစာပေ- မောင်ထွန်းသူ၊ မောင်မြင့်ကြွယ်
၃။ ဘာသာပြန်သုတ(ဝိဇ္ဇာ)စာပေ- နတ်နွယ်၊ လှသမိန်
၄။ ဘာသာပြန်သုတ(သိပ္ပံ)စာပေ- ဒေါက်တာတင်အောင်၊ မင်းကျော်တန်ဖိုးကြီး

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်များကို ပြန်လည်ဖတ်ရှုရသည်မှာ တန်ဖိုးကြီးလှပါ၏။ အချို့ပျောက်ကွယ်ကုန်ပြီဖြစ်ပါ၏။ ရှားပါးနေပြီဖြစ်ပါ၏။ ယနေ့ လူငယ်တို့သည် ခေတ်သစ်ကိုတည်ဆောက်နေကြကုန်၏။ ကမ္ဘာ့စာပေခရီးသို့တိုင် တက်လှမ်းနေကြပါ၏။ မြန်မာမှ ကမ္ဘာသို့တိုင် ပန်းတိုင်ခရီးဖြစ်ပါ၏။ ဖလှယ်ခွင့်ရကြပါ၏။ လက်မလွတ်သင့်သော အခွင့်အရေးကြီးဖြစ်ပါ၏။ ခွင့်သာခိုက်တွင် လိုက်စေချင်လှပါ၏။

စာပေဆုများ

အမျိုးသားစာပေဆု၊ စာမူဆုများဖြင့် စာပေခရီးကို လျှောက်လှမ်းသူများ၊ အောင်မြင်သူများ အများအပြားရှိကြပါ၏။ အောင်မြင်သူ(ဆုရသူ)ရှိသလို ဆုမရသူများလည်းရှိပါ၏။ အကြိမ်များစွာကြိုးစား၍ စာပေဆု ဆွတ်ခူးသူများ၊ ဇွဲရှိသူများရှိပါ၏။ လူငယ်အပေါင်း နမူနာယူထိုက်ပါ၏။ လုံ့လဝီရိယအားမလျှော့စေချင်ပါ။

အင်တာနက်ခေတ်

အင်တာနက်ခေတ်ဖြစ်ပါ၍ တိုးတက်မှုမြန်ဆန်လွန်းသည် ဆိုနိုင်ပါ၏။ မည်မျှ တိုးတက်သော်ငြား"အသစ်တွေ ဘယ်လိုကောင်းကောင်း အဟောင်းကိုဖြင့် တလည်လည်"ဟု ဆိုရိုးရှိပါ၏။ အဟောင်းများသည် သက်တမ်းရှိပါ၏။ သက်တမ်းသည် အသစ်အသစ်ကို ပေါ်ထွန်းစေပါ၏။ ဘာသာပြန်စာပေသည် ဟောင်းလေ သစ်လေ၊ သစ်လေဟောင်းလေ အဟောင်းကိုဘယ်သောအခါမှ မမေ့နိုင်ဟု စာရေးသူယုံကြည်မိပါ၏။ "သမိုင်းတွင်ရစ်မည့် ဘာသာပြန်စာပေ"ဟု လူငယ်အပေါင်းအား တပ်လှန့်နှိုးဆော်ချင်ပါ၏။ လက်ကမ်းအမွေရယူကြပါ။

ရသစာပေ

"ရသစာပေပျောက်နေပြီလား"ဟု အချို့က မေးကြပါ၏။ မပျောက်ပါ။ ဘယ်တော့မှ ပျောက်မည်မဟုတ်ပါဟု စာရေးသူဆိုပါ၏။ လူငယ်စာရေးဆရာ၊ ကဗျာဆရာများကို အားကိုး၍ ဤသို့ ဆိုရဲခြင်းဖြစ်ပါ၏။

ရသ၏အနက်အဓိပ္ပာယ်

"ရသ"ဟူသော ဝေါဟာရသည် သက္ကတဘာသာစကားဖြစ်ပါ၏။ ရသဟူသော ဝေါဟာရကို မြန်မာအဘိဓာန်အကျဉ်းချုပ် အတွဲ(၄)တွင် "သာယာသောခံစားမှု၊ နှစ်သက်ဖွယ်သောသဘော၊ အနုပညာလက်ရာကြောင့် သာယာခံစားရမှု"ဟု အနက်ပေးထားပါ၏။

ရသစာပေ မကွယ်ပျောက်ရေးကြိုးပမ်းကြပါ။ အထူးသဖြင့် ဘာသာပြန်ရသစာပေဖွံ့ဖြိုးရေး အားပေးကြပါ။ ကြိုးပမ်းကြပါဟု ထပ်မံတိုက်တွန်းအပ်ပါ၏။ အင်္ဂလိပ်စာလေ့လာအားကောင်းသော ယနေ့ချိန်ခါတွင် လူငယ်တို့ နောက်မဆုတ်စတမ်း ကြိုးပမ်းကြစေချင်ပါသည်။ ဘာသာပြန်ရေး အားပေးပါ၏။

မြန်မာရော၊ အင်္ဂလိပ်ပါ

မြန်မာမှ အင်္ဂလိပ်၊ အင်္ဂလိပ်မှ မြန်မာ စသည်ဖြင့် ဘာသာပြန်သူသည် မြန်မာရော အင်္ဂလိပ်စာပါ ဘက်စုံထူးချွန်ဖို့လိုသည်။ တစ်ဘာသာတည်းထူးချွန်၍မရ။ တိုင်းရင်းသားဘာသာပြန်သူများကလည်း အထောက်အကူပြုကြသည်။ ဘာသာမျိုးစုံဖြင့် ပြန်ပွားတိုးတက်အောင် ကြံဆောင်ဖို့လိုသည်ဟု အတွေ့အကြုံများက ထောက်ပြလျက်ရှိသည်။ တက္ကသိုလ်မြန်မာစာဌာနများသို့ နိုင်ငံခြားသားများလာရောက်၍ မြန်မာစာသင်ယူနေခြင်း၊ နိုင်ငံခြားတိုင်းပြည်အချို့တွင် မြန်မာစာဌာနများဖွင့်လှစ်ခြင်း၊ မြန်မာစာ ဧည့်ပါမောက္ခများ သွားရောက်၍ မြန်မာစာပို့ချခြင်း သတင်းကောင်းများသည် ဘာသာပြန်စာပေ၏အားအင်များ ဖြစ်ကြပါ၏။

တင်ပြချက်

၁။ ဘာသာပြန်ပြိုင်ပွဲများ၊ ဘာသာပြန်စာပေများ ပိုမိုထွန်းကားပါစေကြောင်း။
၂။ မြန်မာမှ ကမ္ဘာသို့ ထိုးဖောက် ကျက်သရေတင့် ဂုဏ်မြင့်ကြပါစို့။

x;cl'eausmi;om; ausmi;orsm;pm ar;xway;Eic

ရန်ကုန် အောက်တိုဘာ ၁၃

မြန်မာနိုင်ငံတွင် ၁၉၉၇-၁၉၉၈ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်းကျောင်းမှ ထူးချွန် ကျောင်းသား ကျောင်းသူများစွာ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်းကျောင်းကို အားကစားသာမက ပညာရေးတွင်ပါ ထူးချွန်ထက်မြက်၍ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ကျောင်းသားကျောင်းသူများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထူထောင်ခဲ့ခြင်းဖြစ်ပြီး စတင်ထူထောင်စဉ်က မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ကျောင်းအဖြစ် ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်ထူထောင်ခဲ့သည်။ အဆိုပါ သင်တန်းကျောင်းမှ ယခင်က အားကစားနည်းပေါင်း ၂၅ မျိုးခန့်၊ ယခု အားကစားနည်းပေါင်း ၃၀ ကျော်ခန့်ကို လေ့ကျင့်ပေးလျက်ရှိပြီး ပညာရေးကိုလည်း တွဲဖက်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းကျောင်းမှ ရည်ရွယ်ချက်ကောင်း များစွာဖြင့် မွေးထုတ်ပေးနိုင်ခဲ့သော ကျောင်းသားကျောင်းသူ ထူးချွန်အားကစားသမားများ လက်ရှိတွင် နိုင်ငံ့တာဝန်အသီးသီး၊ ပြင်ပတာဝန်အသီးသီးကို ထမ်းဆောင်နေကြပြီ ဖြစ်ပြီး သင်တန်းကျောင်း စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၇-၁၉၉၈ ပညာသင်နှစ်မှ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်အထိ လေ့ကျင့်ပျိုးထောင်ပေးခဲ့ကြသော အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ အပါအဝင် အားကစားနည်းပြ ဆရာ ဆရာမများ၊ ပညာရေးနည်းပြ ဆရာ ဆရာမများ အား ပထမအကြိမ် ဆရာကန်တော့ပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက်က ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းကျောင်းမှာ အားကစား၊ ပညာရေးပိုင်းများ သာမက လူမှုဆက်ဆံရေး၊ စိတ်ဓာတ်၊ စည်းကမ်း ကြံ့ခိုင်မှု၊ တရားသောနည်းဖြင့် ယှဉ်ပြိုင်အနိုင်ယူမှု စသည်ဖြင့် အခြေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးခဲ့သည့် သင်တန်းကျောင်းကြီးဖြစ်ပြီး လက်ရှိ အား/ကာ သိပ္ပံ (ရန်ကုန်)တွင် သင်တန်းသား သင်တန်းသူ ၇၀၀ ကျော်ကို လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။ **(၀၀၁)**

စာပေဗိမာန် ပြည်သူ့ထံ

စာပေဗိမာန်၊ ပြည်သူ့ထံသို့
သံသာချိုအေး၊ ၄က်ကလေးနယ်
တေးသီဖွဲ့ကာ၊ ပျံသန်းလာခဲ့
ကဗျာအန၊ စာပန်းပုပြင်
သုတ ရသ၊ လူ့ဘဝ၏
ပြကွက်ဇာတ်လမ်း၊ အခန်းခန်းကို
မှတ်တမ်းအဖြစ်၊ တေးချိုလုစ်သည်
နစ်ပေါင်းကြာရှည်ခဲ့လေပြီ။

စာပေဗိမာန်၊ ပြည်သူ့ထံသို့
လိမ်းကျံနံ့သာ၊ သင်းပျံ့စွာသော
မာလာပန်းငုံ၊ ခိုင်ပန်းစုံသို့
လွှမ်းခြုံတင့်ဆန်း၊ ဖူးပွင့်လန်းခဲ့
ရှိုက်နမ်းမွှေးကြ။ ပန်ဆင်ယူသည့်
ပြည်သူ့ရှင်လန်း၊ စွဲမက်တမ်းမည့်
ချစ်ပန်းဥယျာဉ်၊ ပမာသွင်ဖြင့်
နှိုင်းယှဉ်ကင်းမဲ့၊ တည်နေခဲ့သည်
အိုဘယ့်... နစ်ရှည်ကြာခဲ့ပြီ။

စာပေဗိမာန်၊ ပြည်သူ့ထံသို့
မြိုင်ယံထွေဆန်း၊ ရဝေနန်းမှ
ဖြတ်သန်းလာသေး၊ စမ်းရေအေးနယ်
တိုက်ကျွေးသမှု၊ အစဉ်ပြုခဲ့
ပြည်သူ့လက်စွဲ၊ ထာဝရမြဲအောင်
မိုးလည်း မိုးခါ၊ နွေမှာ နွေလျှောက်
ဆောင်းရောက်ပြန်ပြီ၊ သုံးရာသီလုံး
ရေကြည်ဖြည့်ဆည်း၊ စမ်းရေစီးသည်
ခရီးနစ်ရှည် ကြာခဲ့ပြီ။

ဩော်... ၄က်သံတေးချို၊ ပမာလိုတည့်
မွှေးချိုမြမြ၊ ပန်းအလှသို့
စမ်းကျရေစင်၊ သူ့အသွင်နယ်
ပြည်ခွင်အေးကြောင်း၊ မွှေးစေကြောင်းကို
ထပ်လောင်းသစ်သစ်၊ မေတ္တာစစ်ဖြင့်
ချစ်ခြင်းအမှန် အရင်းခံ။
စာပေဗိမာန် ပြည်သူ့ထံ။
ပန်းလိုစမ်းလို ပေးဆက်ဟန်။
ချိုတေးမြမြဝဲလွင့်ပျံ့။ ။

(စာတမ်းဖတ်ပွဲများ၊ စာပေစကားဝိုင်းများဖြင့် စာပေလောကကို အားဖြည့်အလှဆင်လျက်ရှိသည့် ယနေ့ စာပေဗိမာန်၏ စွမ်းဆောင်မှုများကို ဂုဏ်ပြုလျက်)

မြင်းမူမောင်နိုင်မိုး

ကြေးမုံ

ရွေးကောက်ပွဲအား တည်ငြိမ်အေးချမ်းစွာကျင်းပနိုင်ရေး ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရန်လို

နေပြည်တော် အောက်တိုဘာ ၁၃

ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂/၂၀၁၅)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ(၇)ပါတီမှ တာဝန်ရှိသူများ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီး(၃)ခုနှင့် ပြည်နယ်(၂)ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၂၇ ရက်အထိ တိုင်းဒေသကြီး(၆)ခုနှင့် ပြည်နယ် (၆) ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ရာမှာ အိမ်ထောင်စု လေးသိန်းခြောက်သောင်းကျော်မှ လူဦးရေ တစ်သန်းခြောက်သိန်းကျော် ဘေးသင့်ခဲ့ပြီး ၁၃၂ ဦး သေဆုံးခဲ့ပါကြောင်း။

ချင်းပြည်နယ်တွင်လည်း မြေပြိုမှုကြောင့် ဆက်လက်နေထိုင်ရန် မသင့်သဖြင့် မြို့ပေါ် ၆၇၆ အိမ်နှင့် ကျေးလက်တွင် ၁၁၄၉ အိမ် စုစုပေါင်း ၁၈၂၅ အိမ်အား ရွှေ့ပြောင်းရေးဆောင်ရွက်နေရကြောင်း၊ အောက်တိုဘာလ ၈ ရက်နှင့် ၉ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် လူနေအိမ်များရေနစ်မြုပ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများရှိနေပြီး ဒေသခံများအား ရေဘေးလွတ်ကင်းရာဒေသများသို့ ပြောင်းရွှေ့နေရပါကြောင်း။

ကော်မရှင်အဖွဲ့ခွဲရုံးများတွင်ရောဝင်ခဲ့သော်လည်း အချိန်မီရွှေ့ပြောင်းနိုင်သဖြင့် ဆုံးရှုံးမှုမရှိသော်လည်း မဲစာရင်းပြင်ဆင်နေမှုအား အချိန်မီပြီးစီးရေးအတွက် ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲရုံပစ္စည်းများကို အချိန်မီပေးပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဇူလိုင်လ ၂၁ ရက်နေ့ ကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် လမ်းပြကြယ်ပါတီတို့မှ အခြေခံမဲစာရင်းများထုတ်ပြန်ရာတွင် မှားယွင်းမှုများရှိခဲ့ကြောင်း၊ မဲစာရင်းမှားယွင်းမှုကြောင့် မဲပေးပိုင်ခွင့်ဆုံးရှုံးပြီး လွတ်လပ်မျှတသော ရွေးကောက်ပွဲမဖြစ်နိုင်သဖြင့် မဲစာရင်းများမှန်ကန်စွာပြုစုနိုင်ရန် ရွေးကောက်ပွဲအား ရွှေ့ဆိုင်းသင့်ကြောင်းကို တင်ပြမှုရှိခဲ့ကြောင်း၊ စက်တင်ဘာလ ၁ ရက်နေ့ ကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲတွင် ချင်းတိုးတက်ရေးပါတီမှ ချင်းပြည်နယ်တွင် ရေကြီးမြေပြိုမှုများ ဖြစ်ပွားခဲ့သဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကို ဆောင်ရွက်နေရကြောင်း၊ ပြည်သူများအနေဖြင့် စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာများ ထိခိုက်နေချိန်တွင် နှစ်သိမ့်အားပေးရမည့်အစား ရွေးကောက်ပွဲအတွက် စည်းရုံးရေးဆောင်ရွက်ရန်မှာ မဖြစ်သင့်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်နေသဖြင့် နယ်လှည့်စည်းရုံးရန် အခက်အခဲရှိကြောင်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးအား အချိန်အတိုင်းအတာတစ်ခုယူရမည်ဖြစ်၍ ရွေးကောက်ပွဲအား ရွှေ့ဆိုင်းစေချင်ကြောင်းကိုလည်းတင်ပြခဲ့ပါကြောင်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ် အီးအက်ဘီစီ အထွေထွေအတွင်းရေးမှူး ဆရာတော်မှ တနင်္ဂနွေနေ့သည် ခရစ်ယာန်ဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သဖြင့် ရွေးကောက်ပွဲကျင်းပသည့်ရက်အား တနင်္ဂနွေနေ့ကို ရှောင်လွှဲသင့်ကြောင်း အကြံပြုမှုရှိခဲ့ပါကြောင်း။

ရွေးကောက်ပွဲနီးလာချိန်တွင် နယ်မြေတည်ငြိမ်အေးချမ်းရေးကိုလည်း စဉ်းစားသုံးသပ်ရမှာဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအချို့တွင် လုံခြုံရေးအခြေအနေအရ နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရေးဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရပ်တန့်လျက်ရှိကြောင်း၊ ကိုကိုးကျွန်းမဲဆန္ဒနယ်တွင်လည်း ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးခွင့်မရသေးဟု သိရကြောင်း၊ မဲဆွယ်စည်းရုံးမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုပေါ် မူတည်၍ ရွေးကောက်ပွဲရွှေ့ဆိုင်းသင့်သည်ဟု ယူဆရသဖြင့် တက်ရောက်လာသော နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲကျင်းပမည့်ရက်အား ရွှေ့ဆိုင်းသင့်/မသင့် သုံးသပ်အကြံပြုစေလိုပါကြောင်း ပြောကြားသည်။

ဂင်းနောက် ကော်မရှင်အဖွဲ့ဝင်ဦးမြင့်နိုင်က ရွေးကောက်ပွဲအငြင်းပွားမှုနှင့် ပတ်သက်၍ တိုင်ကြားခဲ့မှုများနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီနှင့်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့မှ ညှိနှိုင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်ဦးဝင်းကိုက ရွေးကောက်ပွဲအား တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု၊ ကာလအတွင်း အငြင်းပွားမှုများကို ကြီးမားသော ပဋိပက္ခအသွင် မရောက်ရှိရေးနှင့် ဥပဒေအရ အရေးယူရခြင်းမျိုးမရှိအောင် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံရေးပါတီများအနေဖြင့် ကော်မရှင်မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက် (၁/၂၀၁၄)နှင့် နိုင်ငံရေးပါတီများ သဘောတူရေးဆွဲထားသည့် ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်မှုနှင့် လွတ်လပ်မျှတ၍ တည်ငြိမ်အေးချမ်းသော ရွေးကောက်ပွဲဖြစ်စေရန်အတွက် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်မှုများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သဘာဝဘေးဖြစ်စဉ်များ ဆက်တိုက်ကျရောက်မှုကြောင့် ပြည်သူလူထုအတွက် အခက်အခဲရှိပါက ရွေးကောက်ပွဲရွှေ့ဆိုင်းရေးကို စဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ ပါတီများအနေဖြင့်ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ပါက ဥပဒေကြောင်းအရ ဖြစ်စရာမရှိသဖြင့် Code of Conduct ကို ပါတီများအားလုံးက လိုက်နာဆောင်ရွက်ကြဖို့လိုကြောင်း၊ ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရာတွင် သဘာဝဘေးအန္တရာယ်များကြောင့် ကျေးရွာလူထုအထိ စည်းရုံးဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် အချို့ဒေသများတွင် တိုက်ပွဲများဖြစ်နေ၍ မဲဆွယ်စည်းရုံးမှုများကို ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း၊ သို့ဖြစ်၍ရွေးကောက်ပွဲရက် ရွှေ့ပြောင်းသင့်ကြောင်းကို သုံးသပ်တင်ပြလိုပါကြောင်းနှင့် ပုဂ္ဂိုလ်ရေးထိခိုက်စေသည့် ဗီဒီယိုထုတ်လွှင့်မှုများကို ပါတီများမှ ထိန်းကျောင်းပေးစေလိုပါကြောင်း၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ရွေးကောက်ပွဲရက်ရွှေ့မည့်ကိစ္စနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်များကျရောက်နေမှုနှင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးမှုအပေါ် အကျိုးအပြစ်သက်ရောက်နိုင်မှုရှိ၊ မရှိကို သုံးသပ်ရန်လိုကြောင်း၊ စည်းရုံးရေးကာလအတွင်းပါတီတစ်ခုနှင့်တစ်ခု နှောင့်ယှက်မှုမရှိအောင် Code of Conduct နှင့် ညွှန်ကြားချက်(၁/၂၀၁၄)နှင့် အညီဆောင်ရွက်ရေး တိုက်တွန်းပေးစေလိုပါကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ Code of Conduct နှင့်ပတ်သက်၍ ကိုယ်စားလှယ်လောင်းများအား ရှင်းပြဆွေးနွေးခဲ့ပါကြောင်း၊ မဲဆွယ်စည်းရုံးရာတွင်လည်း ပါတီအချင်းချင်း ထိပ်တိုက်တွေ့ဆုံပြဿနာမဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲရက်ရွှေ့ခြင်းနှင့် စပ်လျဉ်း၍ သဘာဝဘေးကျရောက်မှုမှာ ဒေသဆိုင်ရာဖြစ်သည့် အသေးအဖွဲကိစ္စဖြစ်၍ ရက်ရွှေ့ခြင်းကို သဘောမတူပါကြောင်း၊ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ရွေးကောက်ပွဲရက် ရွှေ့ခြင်းနှင့်စပ်လျဉ်း၍ ယခင်ကတည်းက တင်ပြခဲ့ပါကြောင်း၊ သို့ဖြစ်၍ ရွှေ့ဆိုင်းမှုကိုထောက်ခံပါကြောင်း၊ ရခိုင်အမျိုးသားပါတီမှ ရခိုင်ပြည်နယ်တွင်လည်း သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် မငြိမ်းချမ်းမှုများကြောင့် စစ်ဘေးရှောင်ကိစ္စများ ရှိခဲ့ပါကြောင်း၊ ရွှေ့ဆိုင်းခဲ့ပါက အငြင်းပွားမှုများ၊ ပြဿနာများ ဆွဲဆန့်သကဲ့သို့ ဖြစ်မဖြစ်ကို စဉ်းစားသင့်ပါကြောင်း၊ ရွှေ့ဆိုင်းပါက အပိုင်းလိုက်ကျင်းပခြင်း မပြုလုပ်ဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီရွှေ့ဆိုင်းစေလိုကြောင်း၊ အမျိုးသားတိုးတက်ရေးပါတီက ရွေးကောက်ပွဲရက် ရွှေ့ဆိုင်းခြင်းနှင့်ပတ်သက်၍ ကော်မရှင်၏ အဆုံးအဖြတ်ကို နာယူမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန် အချိန်ကြာလာသည်နှင့်အမျှ ဖြစ်လာမည့်အကျိုးဆက်များကို စဉ်းစားဆောင်ရွက်စေလိုကြောင်း တင်ပြဆွေးနွေးကြသည်။

ဂင်းနောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုဂုံးချုပ်ပြောကြားရာတွင် မဲဆွယ်စည်းရုံးခြင်းနှင့်ပတ်သက်၍ ပါတီများတွေ့ရှိသည့် ပြဿနာများအပေါ် အချင်းချင်းနားလည်မှုရှိစွာဖြင့် ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် Code of Conduct ကို လိုက်နာဆောင်ရွက်ဖို့လိုကြောင်း၊ Code of Conduct စောင့်ကြည့်ရေးကော်မတီ (MCOM) အနေဖြင့် စောင့်ကြည့်ပြီး ထိန်းကျောင်းပေးဖို့လိုကြောင်း၊ မရပါက စေ့စပ်ညှိနှိုင်းရေးကော်မတီအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ စေ့စပ်ညှိနှိုင်း၍မရမှသာ ဥပဒေနှင့်အညီ ထိရောက်စွာ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်းသည် အရေးကြီးပါကြောင်း၊ ကော်မရှင်မှ မဲစာရင်းပြုစုပြီး မဲဆန္ဒရှင်ပြည်သူမှလာရောက် ကြည့်ရှုရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်မှ မှန်ကန်သောမဲစာရင်းရမည် ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ မဲစာရင်းမှန်ကန်မှုအပေါ် အာမခံပြောကြားရန် မဖြစ်နိုင်ပါကြောင်း၊ ကော်မရှင်က ရာနှုန်းပြည့် အာမခံနိုင်သည်မှာ မဲစာရင်းတွင်အမည်ပါက မဲပေးခွင့်ရမည်ဟု အာမခံပါကြောင်း၊ ထို့ကြောင့် မဲစာရင်းတွင် အမည်ပါရေး ပါတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း၊ ရွေးကောက်ပွဲရွှေ့ရန်၊ မရွှေ့ရန်နှင့်ပတ်သက်၍ ယနေ့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများ၏ ဆွေးနွေးချက်များအပေါ် ကော်မရှင်အနေဖြင့် စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကာလ အတွင်း တည်ငြိမ်အေးချမ်းစွာ အောင်မြင်ပြီးစီးစေရေးအတွက် ပါတီများ အနေဖြင့် ထိန်းသိမ်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲရက် ရွှေ့ဆိုင်းခြင်းမပြု မူလသတ်မှတ်ထားသည့်ရက်တွင် ကျင်းပမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ
အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) သတင်းထုတ်ပြန်ချက်
နေပြည်တော် အောက်တိုဘာ ၁၃

ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီအစည်းအဝေး(၂/၂၀၁၅)ကို ယနေ့နံနက် ၁၀ နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဗဟိုကော်မတီဝင် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ဖြစ်ပွားနေသော ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်များ၊ နယ်မြေအေးချမ်းမှုအပေါ်မူတည်၍ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုအခြေအနေ၊ မဲဆန္ဒရှင်များ အဆင်ပြေစွာမဲပေးနိုင်မှု အခြေအနေများအပေါ် သုံးသပ်၍ ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ရက်အနည်းငယ် ရွှေ့ဆိုင်းရန် သင့်/မသင့် ကော်မတီအဖွဲ့ဝင်များ၏ သဘောထားကိုတင်ပြကြရန် ဆွေးနွေးခဲ့ပါသည်။

ကော်မတီအဖွဲ့ဝင်များ၏ တင်ပြချက်များအရ ရွေးကောက်ပွဲရက်ရွှေ့ဆိုင်းလိုက်ပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးအပြစ်များကို လေ့လာသုံးသပ်၍ ရက်ရွှေ့ဆိုင်းခြင်းမပြုတော့ဘဲ မူလသတ်မှတ်ထားသည့် ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့တွင်ပင် အထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကော်မရှင်၏ဆုံးဖြတ်ချက်အား အတည်ပြုထုတ်ပြန်အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဟင်္သာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့များ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၁၃

ယနေ့မွန်းလွဲ ၂နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဟင်္သာတခရိုင်နှင့်ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုထားသည်။

ယနေ့မွန်းလွဲ ၂နာရီခွဲအချိန်တိုင်းထွာချက်အရ ၀၀နာမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

၀၀နာမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါကြောင်းဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

သဘာဝဘေးသင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်လက်ထောက်ပံ့သွားမည်

မင်းမင်းဇော်၊
ဟန်နီဝင်း(သတင်းစဉ်)
ဓာတ်ပုံ-သစ္စာမေတ္တာ

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာသည်နှင့်အမျှ ရာသီဥတုဆိုင်ရာဘေးဒဏ်များကို ကမ္ဘာတစ်ဝန်းခံစားလာကြရသည်။ ထိုသို့ သဘာဝဘေးဒဏ်ခံစားကြရသည့်နိုင်ငံများတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ ထိုဘေးဒဏ်များနှင့် ပတ်သက်သည့် မြန်မာနိုင်ငံသည် ပြည်တွင်းလူမှုအဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဒေါက်တာဇော်ဦး။

Ms.Lesley Jeanne Yu Cordero

ဒေါက်တာစန်းစန်းအေး။

Mr. Loy Rego

ဦးစိုးအောင်။

Mr. Lasvy F.Sippel

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အခမ်းအနားနှင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ ထိုဖိုရမ်နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းနိုင်ခဲ့သမျှကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

ဦးစိုးအောင်
အမြဲတမ်းအတွင်းဝန်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ကျွန်တော်ကတော့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်လည်းဖြစ်ပါတယ်။ အောက်တိုဘာ ၁၃ ရက်နေ့ကို ကုလသမဂ္ဂကနေ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးနေ့လို့ သတ်မှတ်တဲ့အတွက် နိုင်ငံအသီးသီးမှာ အခမ်းအနားတွေ ကျင်းပကြတယ်။ အခုကျွန်တော်တို့နိုင်ငံမှာဆိုရင် ပြည်တွင်းအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ ဒေသတွင်းအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ပြည်သူတွေအတွက် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ သဘာဝဘေးသင့်ပြည်သူတွေ လိုအပ်ချက်ဖြစ်တဲ့ နေအိမ်အဆောက်အအုံ ဆောက်ပေးတာတွေ၊ လမ်းတံတားတွေပြုပြင်ပေးတာတွေ၊ မြစ်ကမ်းထိန်းသိမ်းပေးတာတွေ စတဲ့လုပ်ငန်းတွေအပြင် အသိပညာပေးဆွေးနွေးမှုတွေ၊ သဘာဝဘေးကာကွယ်ရေး စီမံချက်တွေအတိုင်း ပြည်သူတွေလက်တွေ့ပါဝင်တဲ့ ဇာတ်တိုက်လေ့ကျင့်မှုတွေ ပြုလုပ်ကြတယ်။ သဘာဝဘေးလျော့ပါးရေးမှာ မည်သူမှ မကျန်ရစ်စေတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။

ရာသီဥတုပြောင်းလဲမှုဟာ ကျွန်တော်တို့ကို အများကြီးထိခိုက်စေပါတယ်။ မုတ်သုံမိုးတွေ ဆုတ်သွားပြီဆိုပေမယ့် နောက်ထပ်မုန်တိုင်းတွေ၊ လေဖိအားနည်း ရပ်ဝန်းတွေဝင်လာပြီး မိုးသည်းထန်လာတဲ့အတွက် ပျက်စီးဆုံးရှုံးမှုတွေ ကြုံတွေ့ရတယ်။ နိုင်ငံတော်အစိုးရရဲ့လမ်းညွှန်မှုတွေအတိုင်း မူလအခြေအနေထက် ပိုမိုကောင်းမွန်တဲ့ အနေအထားမျိုးကို ဆောင်ရွက်ပေးမယ့်အခြေအနေဖြစ်ပါတယ်။

ပြန်လည်ထူထောင်ရေးအပိုင်းနဲ့ ပတ်သက်လို့ နိုင်ငံတကာက စံသတ်မှတ်ထားတဲ့အတိုင်း စံစနစ်တွေ၊ စီမံချက်တွေရေးဆွဲနိုင်ဖို့ ဖိုရမ်ကျင်းပမယ်။ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဖိုရမ်နဲ့ တစ်ဆက်တစ်စပ်တည်း ကျင်းပသွားမယ်။ ရေဘေးသင့်ဒေသတွေ အမြန်ပြန်လည်ထူထောင်ရေးဖိုရမ်ပါ။ ကျင်းပမယ့်ဖိုရမ်မှာ ကမ္ဘာ့ဘဏ်က ဦးစီးပြီးပြန်လည်ထူထောင်ရေးစီမံချက်တွေရေးဆွဲပြီး ထောက်ပံ့ပေးနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်တယ်။ နိုင်ငံတကာက အကူအညီတွေရဖို့ ရှိပါတယ်။ ရရှိထားတဲ့ အချက်အလက်တွေ ပေါင်းစပ်ပြီး ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာတွေကို ဆောင်ရွက်သွားမှာဖြစ်တယ်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပြန်လည်ထူထောင်ပေးမယ့် ကိစ္စရပ်တွေ၊ အိုးအိမ်တွေ ပြန်လည်ထူထောင်မယ့်ကိစ္စတွေ၊ စားနပ်ရိက္ခာထောက်ပံ့ရေးကိစ္စတွေ၊ ထိခိုက်လွယ်တဲ့ ကိုယ်ဝန်ဆောင်မိခင်တွေ၊ ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုတွေကို အထူးထောက်ပံ့နိုင်ဖို့ ကြိုးပမ်းသွားရမှာဖြစ်တယ်။ လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ လျှပ်စစ် စတဲ့ ပျက်စီးသွားတဲ့ အဆောက်အအုံတွေ ပြန်လည်ထူထောင်ဖို့အတွက် ဂျပန်အစိုးရက ဒေါ်လာသန်း ၄၀ ထောက်ပံ့ဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ ဒီဖိုရမ်ကနေ ရလာတဲ့ ရလဒ်အပေါ်မှာ မူတည်ပြီး ဆက်လက်ထောက်ပံ့သွားမယ်။ လျှုဒါန်းထားတာတွေကို ဒီနေ့ပဲ ထောက်ပံ့ပေးသွားဖို့ စီစဉ်သွားမယ်။ ပထမဦးစားပေးအနေနဲ့ ဘေးသင့်ဒေသ ပြည်နယ်၊ တိုင်းဒေသကြီးတွေကို ဆက်လက်ထောက်ပံ့သွားပါမယ်။

ဒေါက်တာဇော်ဦး
နိုင်ငံတော်သမ္မတ အကြံပေး

အဓိကကတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေဟာ ကြီးမားကျယ်ပြန့်တာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရက ပြန်လည်ထူထောင်ရေးလုပ်ဆောင်ဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေက နည်းပညာတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး စစ်တမ်းတွေနဲ့ ကိန်းဂဏန်းတွေကို လေ့လာပါတယ်။ စီးပွားရေးအကျိုးသက်ရောက်မှုတွေက ဘယ်လိုရှိသလဲ၊ ပြည်သူတွေကြားမှာ ဆုံးရှုံးနစ်နာမှုတွေ ဘယ်လိုရှိသလဲဆိုတာကိုလည်း လေ့လာပါတယ်။ အသေးစိတ်အချက်အလက်တွေ ရရှိခဲ့ပါတယ်။ ဒီနေ့မှာလည်း ပြည်သူ့အများက ပါဝင်ဆွေးနွေးကြတယ်။ ပြည်သူ့အများရဲ့ အကြံပြုချက်တွေလည်း ပါဝင်မယ်။ ဆက်လက်ပြီးတော့လည်း အားလုံးပါဝင်မှုနဲ့ အဆင့်လိုက် လုပ်ဆောင်သွားကြမယ်။

ဘေးသင့်ဒေသတွေက ပြည်သူတွေရဲ့ဆန္ဒနဲ့ လိုအပ်ချက်တွေပါဝင်တဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို စနစ်တကျနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ပါဝင်မှုရယ်၊ အစိုးရအဖွဲ့အစည်းအားလုံးရဲ့ ပါဝင်မှုတွေရယ်နဲ့ ပူးပေါင်းဆောင်ရွက်ရင် မူလထက်ကောင်းမွန်တဲ့ အခြေအနေကို ရောက်ရှိမယ်လို့ ထင်ပါတယ်။

ဒေါက်တာစန်းစန်းအေး
ဒုတိယညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန

ပြန်လည်ထူထောင်ရေးမှာ ဘေးသင့်ပြည်သူတွေအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးကိုလည်း ဆောင်ရွက်ပေးပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးတဲ့အချိန်ကစပြီး စိတ်-လူမှုဆိုင်ရာပံ့ပိုးမှုအစီအစဉ်တွေလည်း ဆောင်ရွက်ပေးရပါတယ်။ ဘေးသင့်ပြည်သူတွေမှာ အဓိကစိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ များတယ်။ ဒါကြောင့် ကျွန်မတို့အဖွဲ့တွေက သွားရောက်ပြီး သူတို့ရဲ့ခံစားချက်တွေ၊ လိုအပ်ချက်တွေကို နားထောင်ပေးတယ်။ ကလေးတွေဆိုရင်လည်း သူတို့ပျော်အောင် ကစားပေးတာမျိုးတွေ လုပ်ပေးတယ်။ ကျွန်မတို့ လေ့လာတွေ့ရှိတဲ့ အချက်တွေရော၊ ပြည်သူတွေကပြောပြတဲ့ လိုအပ်ချက်တွေပါ မှတ်တမ်းပြုစုထားတယ်။ ဒီအကြောင်းအရာတွေကို နိုင်ငံတကာအဖွဲ့အစည်းတွေကိုလည်း ပြောပြထားတယ်။ ပြီးတော့ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်တွေ ဆောင်ရွက်ပေးတဲ့ အခါမှာလည်း ပြည်သူတွေ ပြောပြတဲ့ လိုအပ်ချက်တွေကို အခြေခံသွားမယ်။

Mr. Lasvy F.Sippel
ဌာနေညွှန်ကြားရေးမှူး
LDS Charities အဖွဲ့

ဘေးသင့်ပြည်သူတွေအတွက် ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေသလို သောက်သုံးရေ ရရှိရေးအတွက်ကိုလည်း အလေးထားပြီး ဆောင်ရွက်နေပါတယ်။ ထိခိုက်လွယ်အုပ်စုတွေဖြစ်တဲ့ သက်ကြီးရွယ်အိုတွေ၊ ကလေးငယ်တွေ၊ မသန်စွမ်းသူတွေရဲ့ ဘဝမြှင့်တင်ရေးကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကချင်ပြည်နယ်က ပြည်သူတွေရဲ့ လူမှုဘဝမြှင့်တင်ရေးအတွက် ပံ့ပိုးမှုတွေနဲ့ သင်တန်းပေးတာတွေလည်း ဆောင်ရွက်ပေးနေပါတယ်။

Ms.Lesley Jeanne Yu Cordero
သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဆိုင်ရာပညာရှင်
ကမ္ဘာ့ဘဏ်

အခုလို နိုင်ငံတကာအဖွဲ့အစည်းတွေပါဝင်တဲ့ သဘာဝဘေးပြန်လည်ထူထောင်ရေးဖိုရမ်တွေ ကျင်းပတော့ နိုင်ငံတကာအနေနဲ့လည်း ပိုပြီးသိရှိလာမယ်။ လိုအပ်ချက်တွေကို သိရှိလာတဲ့အတွက် နိုင်ငံတကာကလည်း ပိုပြီးတော့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပေးနိုင်မယ်။ ပြန်လည်ထူထောင်ရေးအတိုင်းအတာကို ခန့်မှန်းပြီးတော့ ပံ့ပိုးမှုတွေကို လုပ်ဆောင်သွားပါမယ်။ ဒီလိုလုပ်ဆောင်ရာမှာ ရှေ့ဆက်လုပ်ဆောင်ရမယ့် လုပ်ငန်းအစီအမံတွေကို သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာပါ။

Mr.Loy Rego
သဘာဝဘေးအန္တရာယ်လျှော့ချရေး ဆိုင်ရာ နည်းပညာအကြံပေး
MARS-d အဖွဲ့

မြန်မာနိုင်ငံမှာသဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနဲ့ ပတ်သက်ပြီး ဥပဒေတွေ၊ လုပ်ထုံး လုပ်နည်းတွေ ရှိနေပြီးဖြစ်ပါတယ်။ ဒါပေမယ့် ရင်းနှီးမြှုပ်နှံမှုတွေအများကြီး လိုအပ်နေသေးသလို လုပ်ဆောင်စရာတွေလည်း အများကြီး ရှိနေပါသေးတယ်။ မြန်မာနိုင်ငံအနေနဲ့ ရာသီဥတုပြောင်းလဲမှုတွေကို အလေးထားရမှာဖြစ်သလို ပြန်လည်ထူထောင်ရေး အဆောက်အအုံတွေ တည်ဆောက်ရာမှာလည်း စံချိန်စံနှုန်းမီတဲ့ အဆောက်အအုံတွေ ဖြစ်ဖို့ လိုအပ်ပါတယ်။ ။

စစ်ကိုင်းမြို့ မူးမြစ်စိုးရိမ်ရေမှတ်ကျော်လွန်၊ မြစ်ကမ်းဘေးကျေးရွာအချို့ ရေများ ထပ်မံဝင်ရောက်၊ စစ်ကိုင်း-မုံရွာသွားကားလမ်း ရေကျော်

စစ်ကိုင်း အောက်တိုဘာ ၁၃

မြန်မာနိုင်ငံအထက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အချို့သောနေရာများတွင် နေရာကွက်၍ မိုးရွာသွန်းမှုများခြင်းကြောင့် သဖန်းဆိပ်ဆည်မှ သတ်မှတ်ရေပြည့်မှတ် ၅၄၅ ပေအထက် ၃ ဒသမ ၁ ပေ ကျော်လွန်နေသောရေများအား ရေပိုလွှဲများမှ ထုတ်လွှတ်ထားသဖြင့် စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့အကြား ညောင်ပင်ဝန်းကျေးရွာအနီး ၌ ဖြတ်သန်းစီးဆင်းလျက်ရှိသည့် မူးမြစ်သည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက စိုးရိမ်ရေမှတ်အထက် ရှစ်လက်မခန့် ကျော်လွန်ကာ ၂၇ ဒသမ ၂ ပေသို့ရောက်ရှိနေပြီး စစ်ကိုင်းမြို့နယ်အတွင်း မြစ်ဘေးတစ်လျှောက် ကျေးရွာအချို့ ရေများ ထပ်မံဝင်ရောက်၍ စစ်ကိုင်း-မုံရွာသွားကားလမ်း ညောင်ပင်ဝန်းကျေးရွာ အဝင်မှ ညောင်ပင်ဝန်းတံတားအတွင်း မော်တော်ကားလမ်းပိုင်းအချို့ ရေကျော်နေပြီး မိုင်တိုင်အမှတ် (၃၇/၆)နှင့် (၃၇/၇)တို့အကြားတွင် ရေ သုံးလက်မခန့်ကျော်နေသော်လည်း ယာဉ်များပုံမှန်သွားလာလျက်ရှိသည်ကို သိရသည်။

အဆိုပါကျေးရွာနှင့် မော်တော်ကားလမ်းရေကျော်သည့်နေရာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီမှ လမ်းလုပ်သားများက လမ်းဘေးသဲအိတ်ချခြင်း၊ ယာဉ်များ သွားလာနေသည့်အတွက် အန္တရာယ်မဖြစ်စေရန်အတွက် လမ်းဘေးတစ်လျှောက် သတ်မှတ်နေများတွင် ဝါးတိုင်များစိုက်၍ အချက်ပြကြိုးများသွယ်တန်းပေးထားပြီး ကျေးရွာပြည်သူများနှင့် တိရစ္ဆာန်များအား အန္တရာယ်ကင်းသည့် နေရာများသို့ ရွှေ့ပြောင်းနေထိုင်ရန် ကျေးရွာဥက္ကဋ္ဌ ဦးသန်းကို နှင့် တွေ့ဆုံမှာကြား၍ သက်ဆိုင်ရာရေကင်းတာဝန်ချထားသူများနှင့် လိုက်လံကြည့်ရှုလျက်ရှိကြောင်း သိရသည်။

မျိုးဝင်း (စစ်ကိုင်း)

ရခိုင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မြို့နယ်များတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် အောက်တိုဘာ ၁၁ ရက်တွင် စစ်တွေမြို့သို့ရောက်ရှိရာ လေဆိပ်ဧည့်ခန်းမတွင် တာဝန်ရှိသူတစ်ဦးက ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်တွေမြို့တွင်း ကွန်ကရစ်လမ်း၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ကျောက်တော်ဆိပ်ကမ်း၌ ကျောက်တော်တပ်နယ်မှ ဗိုလ်မှူးကြီးဇော်နိုင်ဦး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောက်တော်မြို့ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကမ်းပါးပြိုကျမှုအန္တရာယ်ထိန်းကျောက်စီနံရံများ တည်ဆောက်ပေးရေး၊ သမိုင်းဝင်ကျောက်တော်တောင်စေတီအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေးဆိုင်ရာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် မြောက်ဦးမြို့နယ် ထမ္မရာဇ်ကျေးရွာအနီးတွင် CB Bank မှ ဆောင်ရွက်လျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာ ၆၄ လုံး ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ပြီး လုပ်ငန်းများသတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မင်းပြားမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ကြပြီး ကျောင်းဝင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါကျောင်း၏စားရိပ်သာတွင် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကာ နေ့လယ်စာအား အတူတကွသုံးဆောင်ခဲ့ပြီး ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့နောက် မင်းပြားမြို့နယ်ရှိ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသော အမျိုးသမီးအိမ်တွင်းမှု စက်ချုပ်သင်တန်း (Mobile Team) သို့ သွားရောက်ခဲ့ကာ အခြေခံစက်ချုပ်သင်တန်းတွင် တက်ရောက်လျက်ရှိနေသော သင်တန်းသူများ၏ လက်တွေ့ချုပ်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ သင်တန်းသားများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ယင်းနောက် မင်းပြားမြို့ မြို့မရပ်ကွက်နှင့် ဦးစိုးတင့်ရပ်ကွက်တို့အား ဆက်သွယ်ထားသည့် ဦးစိုးတင့်သံကူကွန်ကရစ်တံတားစီမံကိန်းသို့ ရောက်ရှိခဲ့ကြပြီး တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအင်ဂျင်နီယာများက တံတားတည်ဆောက်မှုဆိုင်ရာ အခြေအနေများကို လိုက်လံရှင်းလင်းပြသပေးခဲ့ပြီး တံတားလက်ရာလက်သားချောမွေ့အောင် ဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရေး၊ ထပ်တိုးသတ်မှတ်ကာလထက်စောလျှင် ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် ချဉ်းကပ်လမ်းမြေဖို့ခြင်း၊ ပလက်ဖောင်းများ ဆောင်ရွက်ခြင်းတို့အား ရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့အလိုတော်ပြည့်ကျောင်းတိုက်သို့ သွားရောက်ခဲ့ပြီး အလိုတော်ပြည့် ဆရာတော်အား ဖူးမြော်ကြည်ညိုလျှဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သော ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်၍ စီမံချက်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဆောင်ရွက်ပေးနေမှုများသည်လည်း ရေဘေးသင့်ခံခဲ့ရသည့် ဒေသခံပြည်သူများအား တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စာရင်းဇယားများ၊ ခွင့်ပြုငွေများအား မှန်ကန်စွာပြုစုသုံးစွဲရေးနှင့် နယ်မြေဒေသလုံခြုံရေးအမြဲရှိစေရေးတို့ကို မှာကြားသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း(စစ်တွေ)သို့ ရောက်ရှိ၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအားတွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၃

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၅၅ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှု ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

စဉ်	ဆည်အမည်	ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ)	ရေပိုလွှဲမှု ရေကျော်ကျမှု (ပေ)
၁။	သဖန်းဆိပ်ရေလှောင်တမံ	၂၈၈၀၀၀၀	၁. ၅၅'
၂။	မုန်းချောင်းရေလှောင်တမံ	၆၇၄၄၀၇	၅. ၆၀'
၃။	ကြီးအုံကြီး၀ရေလှောင်တမံ	၃၁၉၇၀၀	၇. ၅၀'
၄။	ပေါင်းလောင်းရေလှောင်တမံ	၅၄၉၄၂၀	၀. ၁၉'
၅။	ရေဘုတ်ရေလှောင်တမံ	၂၈၄၇၄	၀. ၈၅'
၆။	လိုင်ဗားရေလှောင်တမံ	၁၉၅၄	၀. ၈၀'
၇။	ကိုးပင်ကန်	၉၇၆၄	၁. ၁၀'
၈။	ရာဇပြိုဟ်ရေလှောင်တမံ	၅၂၀၀၀	၂. ၇၀'
၉။	သိန်ရင်ရေလှောင်တမံ	၂၅၂၆၀	၁. ၀၅'
၁၀။	ကင်းတပ်ရေလှောင်တမံ	၃၈၂၉၅	၅. ၁၀'
၁၁။	ကျေးပင်အက်ရေလှောင်တမံ	၄၄၀၀၀	၀. ၂၀'
၁၂။	လင်ပန်းရေလှောင်တမံ	၁၀၁၈၀	၀. ၆၀'
၁၃။	မြောက်ယမားရေလှောင်တမံ	၁၄၀၅၇	၂. ၄၀'
၁၄။	မြောက်ယမားရေကူ ရေလှောင်တမံ	၁၂၂၉၀၀	၂. ၈၀'
၁၅။	ကန့်ထောင့်ရေလှောင်တမံ	၇၁၉	၁. ၁၀'
၁၆။	ဆွာချောင်း ရေလှောင်တမံ	၂၁၆၃၅	၁. ၄၀'
၁၇။	ပသီရေထိန်းတမံ	၃၀၅၀၀	၀. ၇၀'
၁၈။	ပျဉ်ပုံကြီးရေလှောင်တမံ	၁၁၁၃၀	၂. ၆၀'
၁၉။	ငမြွေရေလှောင်တမံ	၂၃၈၀	၀. ၄၀'
၂၀။	ဘောနီရေလှောင်တမံ	၃၅၂၀၀	၁. ၃၀'
၂၁။	မဇင်းရေလှောင်တမံ	၂၆၁၈၆	၁. ၀၀'
၂၂။	ရွှေပြည်(၃)ရေလှောင်တမံ	၃၇၀၀	၀. ၉၀'
၂၃။	အလိုင်နီရေလှောင်တမံ	၃၉၀၀၀	၁. ၅၅'
၂၄။	ဇလက်ထော်ရေလှောင်တမံ	၁၈၉၁၂	၀. ၉၀'
၂၅။	တောင်နဝင်းရေထိန်းတမံ	၂၁၁၉၆	၁. ၆၄'
၂၆။	သဲကောရေလှောင်တမံ	၅၂၅၀၀	၁. ၀၀'
၂၇။	တောင်ညိုရေလှောင်တမံ	၂၁၀၀၀၀	၁. ၁၅'
၂၈။	ရွှေတောင်ဆည်	၅၃၆၀	၀. ၆၀'
၂၉။	ဝဲကြီးရေလှောင်တမံ	၂၅၂၀၀၀	၀. ၇၀'
၃၀။	စဉ်ကူးချောင်းဂေါင်း ရေလှောင်တမံ	၂၂၂၉	၀. ၃၀'
၃၁။	ခဝါရေလှောင်တမံ	၁၂၅၅၀	၂. ၄၅'
၃၂။	ညောင်ကိုင်းရေလှောင်တမံ	၁၇၅၉၄	၂. ၀၀'
၃၃။	တောင်ယမားရေလှောင်တမံ	၁၇၀၄၀	၀. ၇၀'
၃၄။	ဝန်ချောင်းရေလှောင်တမံ	၁၆၆၇	၀. ၅၀'
၃၅။	စလင်းရေလှောင်တမံ	၁၃၃၀၀၀	၀. ၅၀'
၃၆။	ဆဒ္ဒန်ရေလှောင်တမံ	၂၅၀၀၀	၀. ၄၀'
၃၇။	စွန်ချောင်းရေလှောင်တမံ	၃၀၇၂၀	၀. ၅၀'
၃၈။	ဘုတ်ချောင်းရေလှောင်တမံ	၁၂၅၀	၀. ၅၀'
၃၉။	မန်းရေလှောင်တမံ	၁၂၀၀၀၀	၁. ၅၀'
၄၀။	မဒေးရေလှောင်တမံ	၅၃၉၀၈	၂. ၁၀'
၄၁။	ရင်းရှည်ရေလှောင်တမံ	၂၆၀၀	၁. ၀၀'
၄၂။	ဘွက်ကြီးရေလှောင်တမံ	၇၃၁၉၂	၀. ၅၀'
၄၃။	မာလဲနတ်တောင် ရေလှောင်တမံ	၅၀၉၇၀	၁. ၄၀'
၄၄။	ညောင်ကုန်းရေလှောင်တမံ	၂၉၂၃	၀. ၆၀'
၄၅။	လက်ခုပ်ပင်ရေလှောင်တမံ	၉၅၀	၀. ၇၀'
၄၆။	ရှောက်ချောင်းရေလှောင်တမံ	၁၁၄၀	၀. ၃၀'
၄၇။	ရဟိုင်းကွင်းရေလှောင်တမံ	၆၂၅	၀. ၁၀'
၄၈။	လဂွမ်းပြင်ရေလှောင်တမံ	၁၄၈၈၀၀	၀. ၈၀'
၄၉။	မဟူရာ(ငမိုးရိပ်)ရေကူ ရေလှောင်တမံ	၅၃၉၉၂	၁. ၁၀'
၅၀။	ဘန့်ဘွေးကုန်းရေလှောင်တမံ	၁၇၃၅	၀. ၆၀'
၅၁။	ဇာမဏီအင်းရေလှောင်တမံ	၅၃၆၄	၀. ၇၅'
၅၂။	ကွန်ချောင်းရေလှောင်တမံ	၉၈၄၀၀	၁. ၉၀'
၅၃။	မမြွေရေလှောင်တမံ	၇၁၄၀၀	၄. ၀၀'
၅၄။	နန်ကသူရေလှောင်တမံ	၄၀၄၈၇	၃. ၇၀'
၅၅။	ကညင်ရေလှောင်တမံ	၁၄၅၀၀၀	၄. ၈၀'

(သတင်းစဉ်)

မြေပြိုဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၃

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာအုပ်စုရှိ တောင်ပေါ်ရွာ၊ (၁၆)ကုန်းရွာ၊ (၁၃)ကုန်းရွာ၊ လိုခါးလိုရွာနှင့် ဇီးပင်ကွေ့ကျေးရွာတို့၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ နေအိမ် အလုံး ၆၀နှင့် ဘုရားကျောင်းတစ်ကျောင်း ပြိုကျပျက်စီးခဲ့ရာ လူဦးရေစုစုပေါင်း ၃၆၉ ဦး ဘေးဒုက္ခကြုံတွေ့ပြီး ၁၆ ဦး သေဆုံးကာ ခြောက်ဦးပျောက်ဆုံးကြောင်း ကနဦးသတင်းအရ သိရှိရကြောင်း သိရသည်။

အဆိုပါ ဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာပိုးငွေ ၆၁၉၅၀၀၊ သေဆုံး၊ ပျောက်ဆုံးထောက်ပံ့ငွေကျပ် ၂၂၀၀၀၀၀နှင့် တန်ဖိုးငွေကျပ် ၂၂၀၆၆၀၀ ရှိ ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်းငွေသားနှင့် ပစ္စည်းထောက်ပံ့မှု ငွေကျပ် ၅၀၂၆၁၀၀ ကို ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ထောက်ပံ့ခဲ့ပြီး လိုအပ်သည်များ ဆက်လက်ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရထားလမ်းရေကြီးနစ်မြုပ်

နေပြည်တော် အောက်တိုဘာ ၁၃

မြန်မာ့မီးရထား တိုင်း(၉)နယ်မြေ သရက်-မင်းဘူးလမ်းပိုင်း လက်ပံ-ကြာကန်ကြား ကညင်တံတားတွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေကြမ်းတမ်းစွာစီးဆင်းသဖြင့် အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ မင်းလှ-မလွန်ကြား ပန်းတော်ပြင်တံတား ချဉ်းကပ်လမ်း (15' × 10' × 30') တာပေါင်ပြိုကျနေသဖြင့် နံနက် ၇ နာရီ မိနစ် ၅၀ တွင်လည်းကောင်း လမ်းပိတ်ထားခဲ့ရသည်။

တောင်တွင်းကြီး-မကွေးလမ်းပိုင်း ယင်းသာစည်-ထန်းပင်စမ်းကြား တံတားအမှတ် (၆၂)၏ ထန်းပင်စမ်းဘက် တာပေါင် (10'×6'×3')ရေတိုက်စားနေပြီး ရထားဖြတ်သန်းရန်မဖြစ်သဖြင့် အောက်တိုဘာ ၁၂ရက် နံနက် ၅ နာရီတွင် လမ်းပိတ်ထားခဲ့ရသည်။

ထိုနည်းတူစွာ မင်းလှ-တောင်တွင်းကြီးလမ်းပိုင်း မလွန်လမ်းပေါင်း-မိချောင်းရဲကြားလမ်းပိုင်းအတွင်း (600'×8'×1')ခန့် သဲမြေများဖုံးလွှမ်းနေသဖြင့် ညနေ ၃ နာရီ မိနစ် ၄၀ တွင် လမ်းပိုင်းပိတ်ထားခဲ့ရသည်။

သရက်-ဘုရားပေါ်လမ်းပိုင်း ကံမ-ညောင်ကိုင်းကြား မိုင် ၂၄၃/၁၁-၁၂ ၌ (100'×5'×4')နှင့် မိုင် ၂၄၃/၅-၆၌ (100'×5'×3')ခန့် တောင်ပြိုမြေများဖုံးလွှမ်းနေသဖြင့် အောက်တိုဘာ ၁၂ ရက် နံနက် ၁၁ နာရီ ၃၇ မိနစ်တွင် ပိတ်ထားခဲ့ပြီး အင်ဂျင်နီယာ (ကံမ) လုပ်သားများအဖွဲ့က ဖယ်ရှားရှင်းလင်းခဲ့ပြီး အဆိုပါ လမ်းပိုင်းအား ညနေ ၄ နာရီ ၂၅ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းရင်းသားမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၃

တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားဒေသများတွင် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအနုပညာများ မြှင့်တင်နိုင်ရေးအတွက် မူဘောင်တစ်ရပ် ထွက်ပေါ်လာရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်ကြားရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားမီဒီယာများ တွေ့ဆုံပွဲတွင် ပြောကြားသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော မဇ္ဈိမမီဒီယာ၊ နိုင်ငံတကာ မြန်မာ့သတင်း(BNI)၊ တနင်္သာရီအပတ်စဉ်၊ သံလွင်တိုင်းမ်ဂျာနယ်၊ Kantarawaddy Times၊ မားနဂါးသတင်းဂျာနယ်၊ ပဲခူးအသံဂျာနယ်၊ ဖွံ့ဖြိုးတိုးတက်ရေးဂျာနယ်နှင့် ကမ္ဘောဇတိုင်းဂျာနယ်တို့မှ အယ်ဒီတာချုပ်များနှင့် တာဝန်ခံအယ်ဒီတာများက မီဒီယာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မျှော်မှန်းချက်နှင့် စိန်ခေါ်မှုများအပြင် တိုင်းရင်းသားမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်တစ်ရပ် ထွက်ပေါ်လာရေး အကြံပြုဆွေးနွေးကြသည်။

တိုင်းရင်းသားမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေသည့် သတင်းစာ၊ ဂျာနယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဘဏ္ဍာရေးအရ အကူအညီပေးရေး၊ သတင်းအချက်အလက်ဖလှယ်ရေးတို့ကို ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အခြေခံမူများ၊ စံနှုန်းများ သတ်မှတ်နိုင်ရန်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဌာနဆိုင်ရာများနှင့်သတင်းမီဒီယာများ တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာဆက်ဆံခြင်းဖြင့် ဒေသပို့ဖြိုးရေးဆိုင်ရာမီဒီယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမည်

ရန်ကုန် အောက်တိုဘာ ၁၃

ဌာနဆိုင်ရာများမှ သတင်းမီဒီယာ ဥပဒေပါ ဆောင်ရွက်ပေးရမည့် အချက်များနှင့် သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များ သိရှိစေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် တိုင်းဒေသကြီးအဆင့် အဖိုးရအဖွဲ့ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာသမားများ၏ မီဒီယာလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**(အပေါ်ပို့)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေးက တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ကြောင်း၊ စားပွဲဝိုင်းဆွေးနွေးခြင်းမှ စိန်ခေါ်မှုများနှင့် အခက်အခဲပြဿနာများကို ပွင့်လင်းမြင်သာစွာ အဖြေရှာခြင်းဖြင့် အောင်မြင်မှုများရရှိလာမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပြည်သူများ၏လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန် မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိရန်လိုအပ်ကြောင်း၊ အစိုးရ ဌာနဆိုင်ရာများအနေဖြင့် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့ ဝန်ကြီးဌာနများ၏ ကန့်သတ်ချက်များ၊ ညွှန်ကြားချက်များမှအပ မီဒီယာများ သိရှိလိုသည်များကို တတ်အားသရွေ့ ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာသမားများကလည်း ရင်းရင်းနှီးနှီး ထိတွေ့ဆက်ဆံပြီး ပြည်သူများ သိသင့်သိထိုက်သည်များကို မီဒီယာများမှတစ်ဆင့် အသိပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က သတင်းမီဒီယာ ဥပဒေများအကြောင်း ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းနာယက ဦးခင်မောင်လေး(ခ) ဖိုးသောကြာက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ ပေါ်ပေါက်လာပုံနှင့် ဖွဲ့စည်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် သတင်းရယူမှုအခက်အခဲ၊ သတင်းရေးသားမှုအပေါ် နောက်ဆက်တွဲဖြေရှင်းမှုပြဿနာ၊ သတင်းသမားများ၏ သတင်းထုတ်ပြန်ပေးမှုအခြေအနေ အခန်းကဏ္ဍ၊ သတင်းသမားများ၏လုံခြုံမှု၊ ရွေးကောက်ပွဲတွင် လွတ်လပ်စွာ သတင်းရယူခွင့်ပြုရန်စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် သဘောတူညီချက်များ ထုတ်ပြန်ပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ သတင်းစာဆရာများ အသင်းနာယက ဦးခင်မောင်လေး(ခ) ဖိုးသောကြာက နိဂုံးချုပ်အမှာ စကားပြောကြားသည်။

ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)၊ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်တို့မှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သတင်းမီဒီယာသမားများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ယနေ့ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး တိုင်းအဆင့် အစိုးရအဖွဲ့ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာသမားများ၏ မီဒီယာလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီးအတွင်း ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဟံသာဝတီတိုင်းဂျာနယ်၊ ပဲခူးသတင်းစဉ်ဂျာနယ်နှင့် ပဲခူးကဝိဂျာနယ်တို့ ထုတ်ဝေလျက်ရှိပြီး အွန်လိုင်းမီဒီယာတစ်ခုလည်း မကြာမီ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်း - မင်းသစ်
ဓာတ်ပုံ - ရဲထွဋ်

မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ မြစ်ကြီးနားမြို့၌ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲကို အောက်တိုဘာ ၁၁ ရက်မွန်းလွဲ ၁ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးဇေယျာက အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ DVB T-2 Set Top Box များ လျှုဒါန်းပွဲကို ကျင်းပရာ ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးဇေယျာက ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာထံသို့ DVB T-2 Set Top Box အလုံးရေ ၄၆၈၆ လုံး လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အခမ်းအနားအတွက် ပူးပေါင်းဆောင်ရွက်ပေးသည့် မြန်မာ့အသံချစ်သူများအဖွဲ့ဝင် ကချင်ပြည်နယ် သတင်းစာဆရာ အသင်းဥက္ကဋ္ဌ ဦးစိုင်းထိန်လင်းနှင့် မြန်မာ့အသံသို့ ကချင်ပြည်နယ်မှ သတင်းအများဆုံးပေးပို့သည့် မြန်မာ့အသံချစ်သူများအဖွဲ့ဝင် ဦးပြုံးမြင့်တို့အား ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးဇေယျာက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ပြည်သူ့အတွက် ထာဝရမြန်မာ့အသံဗီဒီယိုမှတ်တမ်းကို ထုတ်လွှင့်ပြသပြီး တေးသံရှင် ဂျင်းနီ၊ ဇမ်နူး၊ ခင်စုစုနိုင်တို့အပါအဝင် မြတ်ဆုမွန်၊ စောမင်းနောင်၊ မျိုးဆွေသန့်၊ စံပယ်ဖြူသိန်း၊ ပန်းအိဝေနှင့် မြန်မာ့အသံ ဝိုင်းတော်သားများက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ အဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ အခမ်းအနားကို PSI မြန်မာအဖွဲ့က ပံ့ပိုးကူညီ ကျင်းပခြင်းဖြစ်ပြီး မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ မီးယပ်နှင့် သားဖွားအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်အေးအေးဟန်က သားဆက်ခြားခြင်းဆိုင်ရာနှင့် ကျန်းမာရေးဗဟုသုတများကို ဟောပြောခဲ့ကာ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ မြစ်ကြီးနားမြို့ရှိ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အလားတူ မြန်မာ့အသံချစ်သူများ အဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမတွင် ဆက်လက် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အောက်တိုဘာ ၅ ရက်တွင် ကွယ်လွန်ခဲ့သော ဒေါ်စိန်လှိုင်(ခ) ဒေါ်ယုလှိုင် အသက်(၇၈)နှစ်အားရည်စူး၍ ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၈၆/ဘီ)နေ ကျန်ရစ်သူမိသားစုက ဇီဝိတဒါနသံယာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္ဘာ့ငွေပေဒေသာပင် အလျှုဒွေကျပ်သိန်း ၁၀၀ လျှုဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဦးဝင်းလွင် လက်ခံယူစဉ်။ (ကြေးမုံ)

မင်းဘူးမြို့၌ နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ အမေရိကန်ကုမ္ပဏီ တည်ဆောက်မည်

အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးတွင် ကမ္ဘာ့ထိပ်တန်းအတိုင်ပင်ခံ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော အမေရိကန်ပြည်ထောင်စု မစ်ဆော်ရီပြည်နယ် ကန်းဆတ်မြို့တော်အခြေစိုက် Black & Veatch က မြန်မာနိုင်ငံရှိ နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်း တည်ဆောက်မှုကို ၂၀၁၆ ခုနှစ် ပထမသုံးလအတွင်း စတင်တော့မည်ဟု Theconstructionindex.com တွင် ရေးသားထားသည်။

လျှပ်စစ်ဓာတ်အား ၂၂၀ မဂ္ဂါဝပ် ထုတ်လုပ်မည့် အဆိုပါစက်ရုံမှာ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် တည်ရှိမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားမှာ မြန်မာနိုင်ငံ၌ အရေးတကြီးလိုအပ်ချက်တစ်ခုဖြစ်ပြီး စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာသွယ်ဝိုက်ပတ်သက်နေကြောင်း ယင်းကုမ္ပဏီမှ နိုင်ငံတကာပြန်လည်ပြည့်ဖြိုးမြစ်စွမ်းအင်ဆိုင်ရာ ညွှန်ကြားရေးမှူး ရက်အိုကွန်နယ်က ပြောကြားသည်။ နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများမှာ တည်ဆောက်ရာတွင်မြန်ဆန်ပြီး ဓာတ်အားလိုင်းထဲသို့ လျှပ်စစ်ဓာတ်အားအလျင်အမြန် ပို့လွှတ်နိုင်ရေးအတွက် အကောင်းမွန်ဆုံးနည်းလမ်းတစ်ခုဖြစ်ကြောင်း ၎င်းကဆိုသည်။

ယင်းစက်ရုံမှာ ၂၀၃၀ ခုနှစ်မတိုင်မီ လက်ရှိ ၂၅၀၀ မဂ္ဂါဝပ်မှ မဂ္ဂါဝပ် ၃၀၀၀၀ ထိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတိုးမြှင့်မည့် မြန်မာအစိုးရ၏ရည်မှန်းချက်ကို အထောက်အကူဖြစ်မည်ဟု မကြာသေးမီက မြန်မာနိုင်ငံရှိ Black & Veatch ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ပီတက်ဝန်ဗာရန်ကွန်းက ပြောကြားသည်။

(သုတ)

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ မျှား နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၃

နေပြည်တော်၌ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပမည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်လက်မှတ်ရေးထိုးရန် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA)မှ ဦးစောလားဘွယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ ဟော်ရီဇုန်လိတ်ခ်ဗျူဟိုတယ်သို့ လည်းကောင်း၊ ချင်းအမျိုးသားတပ်ဦး(CNF)ဥက္ကဋ္ဌ ဦးပူးနန်လျန်ထန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ဂရင်းအမရဟိုတယ်သို့ လည်းကောင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (RCSS/ SSA-S) ဥက္ကဋ္ဌ ဦးရွက်ဆစ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆ နာရီခွဲတွင် ရွှေစံအိမ်ဟိုတယ်သို့ လည်းကောင်း အသီးသီးရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA)မှ ဦးစောလားဘွယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

ချင်းအမျိုးသားတပ်ဦး(CNF)ဥက္ကဋ္ဌ ဦးပူးနန်လျန်ထန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (RCSS/SSA-S) ဥက္ကဋ္ဌ ဦးရွက်ဆစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

ကျန်းမာသောမိသားစုလူနေမှုဘဝကိုပိုင်ဆိုင်နိုင်ရန် တွန်းအားပေးမည့် 3D လမ်းလျှောက်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

ပိုမိုကျန်းမာသန်စွမ်းသော လူနေမှုဘဝကို ရရှိပိုင်ဆိုင်လိုသည့် မြန်မာနိုင်ငံမှ မိသားစုများအတွက် ကျန်းမာသန်စွမ်း၍ ရွှင်လန်းတက်ကြွသောလူနေမှုပုံစံ၏ အရေးပါမှုများအား သတိပြုမိစေရန်အတွက် စိတ်လှုပ်ရှားဖွယ်ရာကောင်းသော Active Family Day Out Event အသိပညာပေးမြှင့်တင်ဆောင်ရွက်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ်မြောက်ကျင်းပမည့် Active Family Day Out Event တွင် ဝင်ရောက်ဆင်နွှဲသူများအတွက် စိတ်လှုပ်ရှားဖွယ်ကောင်းသည့် 3D Adventure Walk လမ်းလျှောက်ပွဲကြီးကိုလည်း ဖော်ထုတ်ပြသသွားမည်ဖြစ်သည်။

အဆိုပါပွဲကို ဒီဇင်ဘာ ၆ ရက်တွင် နံနက် ၆ နာရီမှ ၁၁ နာရီအထိ ပြည်သူ့ဥယျာဉ်၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်ဆင်နွှဲသူများအနေဖြင့် မိမိ၏ ချစ်သူခင်သူ၊ မိတ်ဆွေသူငယ်ချင်း၊ မိသားစုများနှင့်အတူ တစ်နေ့တာလုံး ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်မည့် activity မြောက်မြားစွာ ပါဝင်မည်ဖြစ်သည်။ လမ်းလျှောက်ပွဲတွင် ဝင်ရောက်ဆင်နွှဲသူများ စွန့်စားခန်းသွားရသကဲ့သို့ ပြုလုပ်ထားသော ပုံပြင်ဆန်ဆန် ခရီးတိုလေးများကို ဖြတ်သန်းရမည်ဖြစ်ပြီး အခြားဂိမ်းများ၊ ကျန်းမာရေးဆိုင်ရာဆွေးနွေးပွဲများ၊ ပြိုင်ပွဲများနှင့် ကံစမ်းမဲအစီအစဉ်များလည်းပါဝင်မည်ဖြစ်သည်။

"မိတ်ဆွေသူငယ်ချင်းတွေနဲ့ မိသားစုတွေကြားထဲမှာ တက်ကြွရွှင်လန်းပြီးကျန်းမာသန်စွမ်းတဲ့ လူနေမှုဘဝကို ရရှိစေဖို့အတွက် အသိပညာပေးမြှင့်တင်ပေးတာဖြစ်တဲ့အတွက် အလွန်ကောင်းတဲ့ Program ဖြစ်ပါတယ်။ ကျန်းမာသန်စွမ်းတဲ့ လူနေမှုဘဝဆိုတာက လူတိုင်းအတွက် အရေးကြီးတဲ့ လိုအပ်ချက်တစ်ခုဖြစ်ပြီးတော့ ဒီလို activity တွေကို မိသားစုတွေနဲ့ အတူတကွ ပြုလုပ်ခြင်းဟာ ဆိုရင်လည်း မိသားစုတွေကြားမှာ ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်ဂရုစိုက်နားလည်မှု ပိုမိုဖြစ်ပေါ်စေမှာဖြစ်ပြီး အကောင်းဆုံးသောနည်းလမ်းဖြစ်တယ်လို့ ကျွန်မတို့ယုံကြည်ပါတယ်"ဟု City Mart Holdings Co., Ltd. ၏ Marketing Director ဒေါ်မေဇင်စိုးထက်က ပြောကြားခဲ့သည်။

အဆိုပါပွဲတွင် အသက်အပိုင်းအခြားကန့်သတ်ထားခြင်းမရှိဘဲ မည်သူမဆိုဝင်ရောက်ပါဝင်နိုင်ပြီး activity မြောက်မြားစွာရှိသောကြောင့် မည်သည့်အသက်အရွယ်အပိုင်းအခြားမဆို ဝင်ရောက်ဆင်နွှဲပျော်ရွှင်နိုင်မည်ဖြစ်သည်။ ဝင်ရောက်ဆင်နွှဲရန်အတွက် စာရင်းပေးသွင်းချိန်ကာလမှာ နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ဖြစ်ပြီးပါဝင်ဆင်နွှဲလိုသူများသည် နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ Marketplace by City Mart (Golden Valley Branch)၊ City Mart Supermarket (Thamine Branch)၊ City Mart Supermarket (Junction Maw Tin Branch)၊ Ocean Super Center (ရွှေဂုံတိုင်)တို့တွင် စာရင်းပေးသွင်းနိုင်သည်။ လူဦးရေ ၂၅၀၀ သတ်မှတ်ထားသည်။

"ဝင်ရောက်ဆင်နွှဲသူတွေ အာဟာရမာတ် ပြည့်ဝစေဖို့နဲ့ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းစေဖို့အတွက် လိုအပ်ချက်တွေကို လေ့လာသိရှိနိုင်စေဖို့ အမျိုးမျိုးသော ယာယီပြခန်းတွေနဲ့ activity တွေကို အဲဒီပွဲမှာ စီစဉ်ထားပါတယ်။ ဒီပွဲကတစ်ဆင့် ကျန်းမာတဲ့လူနေမှုပုံစံကို ရယူနိုင်ဖို့ စိတ်အားတက်ကြွလာမယ်လို့ ယုံကြည်ပါတယ်" ဟု F&N Food Pte.Ltd Myanmar Branch Office ၏ Head of Marketing Mr. PrapasRattanapas က ပြောကြားခဲ့သည်။

ယခင်နှစ်ကကျင်းပခဲ့သော Active Family Day Out Event တွင် ဝင်ရောက်ဆင်နွှဲသူလူဦးရေ ၂၀၀၀ ကျော်ရှိခဲ့ပြီး ကလေးများအတွက်သာမက လူကြီးများကိုပါ ပျော်ရွှင်စေသောလှုပ်ရှားမှု activity ပေါင်း မြောက်မြားစွာ ပါဝင်ခဲ့သည်။ ရရှိသည့်အခကြေးငွေများအားလုံးအား ရန်ကင်းကလေးဆေးရုံသို့ လျှုဒါန်းမည်ဖြစ်သည်။

"မနှစ်တုန်းကဆိုရင် ပွဲမှ ရရှိသမျှငွေအားလုံးကို လျှုဒါန်းခဲ့ပြီး ဒီနှစ်လည်း အရင်နှစ်ကလိုပဲ လျှုဒါန်းသွားမှာဖြစ်ပါတယ်။ စာရင်းသွင်းခ registration fee အနေနဲ့ ဖောင်တစ်စောင်ကို ကျပ် ၂၅၀၀ ကျသင့်မှာဖြစ်ပြီး ဒီလှုပ်ရှားမှုက အုပ်စုလိုက်လှုပ်ရှားမှုဖြစ်တဲ့အတွက် ဖောင်တစ်စောင်ကို လူနှစ်ယောက်မှ သုံးယောက်အထိ စာရင်းသွင်းနိုင်မှာ ဖြစ်ပါတယ်"ဟု ဒေါ်မေဇင်စိုးထက်က ပြောသည်။

Active Family Day Out သည် မိသားစုများအပါအဝင် လူတိုင်းအတွက် ကျန်းမာရေးဆိုင်ရာလိုက်နာလုပ်ဆောင်ကျင့်သုံးရမည့် လှုပ်ရှားမှု activity များမှ တစ်ဆင့် တက်ကြွရွှင်လန်း၍ ကျန်းမာသန်စွမ်းသော လူနေမှုဘဝကိုရရှိနိုင်စေရန်အတွက် အသိပညာပေးမြှင့်တင်ရန် CMHL နှင့် F&Nတို့ ပူးပေါင်းကျင်းပသည့်ပွဲဖြစ်သည်။

(ကြေးမုံ)

နေရာကွက်၍ မိုးကြီးနိုင်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှန်းပြည့်ဖြစ်သည်။

(၅၂)ကြိမ်မြောက်ခဲ့သည့် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲ

သတင်း-ခင်ဇာလီ
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

မြန်မာ့ရုပ်ရှင် စဉ်ဆက်မပြတ် တတ်သည့်ပညာ စေတနာဖြင့် ကျေစွာထမ်းရွက် ပေးလက်ဆင့်ကမ်း ခရီးလမ်းဝယ် မောပန်းချွေးသိပ် မှေးမှိတ်နားခိုရွယ်အိုသက်ကြီး မည်ည်းညှူသေး ချွေးဖြင့်ထုဆစ် လောကသစ်ကို ပင်ပျိုကိုင်းခက် ဖူးပွင့်ဆက်အောင် ဦးဆောင်ရှေးရှု ကျေးဇူးပြုသည်၊ ဝုဏဝယော နှစ်ဖြာဝုဒ္ဓိ ပြည့်စုံဘိသား ဘိုးဘွားမိဘ ပူဇော်ကြပြီး ကာယ ဝစီ မနောညီလျက် အဠ္ဌလီစုံမိုး ရှိခိုးပါသည် စသည့် ဂါရဝပြု စုံညီရွတ်ဖတ်သံများသည် အောက်တိုဘာ ၁၃ ရက် နံနက်က ကျင်းပခဲ့သော ၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင်နေ့နှင့် (၅၂)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနားမှ လွင့်ပျံလာခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့ စာပေ၊ ဂီတ၊ အနုပညာရှင်၊ အတတ်ပညာရှင်များထဲမှ အပူဇော်ခံ သက်ကြီးအနုပညာရှင်များ တက်ရောက်ခဲ့ကြရာ ၎င်းတို့၏ ပီတိစကားများနှင့် အနုပညာရှင်တချို့၏ ပီတိစကားသံများကို ကြေးမုံမှ တွေ့ဆုံမေးမြန်း၍ ဖော်ပြပေးလိုက်သည်။

ဗိုလ်ကလေးတင့်အောင်

စံရှားတင်

ဒေစီကျော်ဝင်း

လူမင်း

ဂီတပညာရှင်
ဗိုလ်ကလေးတင့်အောင်

ဘာဘ အသက် ၇၁ နှစ်ကတည်းက သက်ကြီးပူဇော်ပွဲကိုတက်ခဲ့တာ အခု အသက် ၈၁ နှစ်ရှိပြီ။ တပည့်တပန်းတွေနဲ့ပြန်တွေ့တဲ့အခါ ငယ်ငယ်က အကြောင်းတွေကို ပြန်သတိရမိတယ်။ အသက်ပြန်ငယ်သွားသလို ခံစားရတယ်။ တပည့်တွေကို ပြောချင်တာက နှစ်ရှည်လများတည်ထောင်လာခဲ့တဲ့ ဒီအနုပညာလုပ်ငန်းကို တိုးတက်အောင် ဆက်လက်စွမ်းဆောင်သွားကြဖို့ပြောချင်ပါတယ်။ နောင်နှစ်နောင်နှစ်တွေမှာလည်း ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ဘဘ အသက်ရှင်နေသရွေ့ တက်သွားမှာပါ။

အကယ်ဒမီများရှင် စံရှားတင်

အခုလို မျိုးဆက်သစ် လူငယ်လေးတွေ ဂါရဝလာပြုခံရတာကို ပီတိဖြစ်မိသလို အမေ့ရဲ့ လုပ်ဖော်ကိုင်ဖက် အနုပညာရှင်တွေအားလုံးကိုလည်း ကျန်းကျန်းမာမာနဲ့တွေ့ရတဲ့အတွက် ဝမ်းသာမိတယ်။

အကယ်ဒမီများရှင် ဒေစီကျော်ဝင်း

အမေ့အနေနဲ့ကတော့ အခုအချိန်က အမေတို့ခေတ်ကလို မဟုတ်တော့ဘူးလေ။ အားလုံး အဘက်ဘက်ကတိုးတက်နေတဲ့အချိန်ဆိုတော့ နိုင်ငံတကာစံချိန်မီတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ဖြစ်အောင် ကြိုးစားကြစေချင်တယ်။ အခု မျိုးဆက်သစ်လေးတွေက တော်လည်းတော်ကြတယ်တဲ့အပြင် ကြိုးစားကြတာကို အမေတွေ့ရတယ်။ သူတို့လေးတွေကို ပံ့ပိုးပေးမယ်ဆိုရင် ကမ္ဘာနဲ့တန်းတူ ရင်ပေါင်တန်းလာနိုင်မယ်လို့ အမေထင်တယ်။ အမေကတော့ ဒီပွဲမှာ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေ ပြီးတော့ ကိုယ့်ထက်ကြီးတဲ့ ကိုယ့်ရဲ့အမေတင်တင်မူနဲ့ ရွယ်တူ အမေတွေဖြစ်တဲ့ အမေစ၊ အမေမြင့်မြင့်ခင်တို့ကိုတွေ့ရတာ ဝမ်းသာပီတိဖြစ်မိတယ်။

ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း

ကျွန်တော်တို့အရင်နှစ်က ဘိုးဘွားတစ်ဦးကို ငွေကျပ်တစ်သိန်းစီလောက်သာ လျှာ့ဒါန်းနိုင်ခဲ့တာပါ။ ဒီနှစ်မှာတော့ ရန်ပုံငွေထဲကို ငွေအသစ်ထပ်မဝင်ရင်နေပါစေ။ ဘိုးဘွားတွေကို နှစ်ဆ လျှာ့ဒါန်းချင်တဲ့စိတ်နဲ့ တစ်ဦးကို ငွေကျပ်နှစ်သိန်းစီနဲ့ လျှာ့ဖွယ်ပစ္စည်းတွေကတော့ အများကြီး လျှာ့ဒါန်းနိုင်ပါပြီ။ Sky net ကလည်း အရင်နှစ်က လျှာ့ထားတဲ့ စက်အသစ်တွေကို သက်တမ်းတိုးခြင်းအပြင် ဒီနှစ်မှာလည်း နှစ်နှစ်သက်တမ်းနဲ့ စက်အသစ်တွေကို လျှာ့ဒါန်းပါတယ်။ ဒါဟာ ကျွန်တော်တို့ အနုပညာလောကက သက်ကြီးတွေမှမဟုတ်ပါဘူး။ အသက်အရွယ်ကြီးရင်တဲ့ မည်သူ့ကိုမဆို

လွင်မိုး

ခင်ဝင့်ဝါ

စောင့်ရှောက်ရမှာ လူသားတိုင်းရဲ့ အသိတာဝန်ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုဆိုရင် အနုပညာဆည်းဆာရိပ် ဘိုးဘွားရိပ်သာကို စတင်အကောင်အထည်ဖော်နေပါပြီ။ အနုပညာလောကနဲ့သက်ဆိုင်တဲ့ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု အစရှိတဲ့ အနုပညာရှင်ကြီးတွေ၊ ဖန်တီးနိုင်စွမ်းရှိသေးပေမယ့် ဖန်တီးခွင့်မရှိတော့တဲ့ အနုပညာရှင်တွေ မဖြစ်ရအောင် ဒီဆည်းဆာရိပ်ကနေ နောက်ဆုံး အချိန်ထိ ဖန်တီးခွင့်ပေးနိုင်အောင် ကျန်းမာရေး စောင့်ရှောက်မှုတွေ အပြည့်အဝပေးနိုင်အောင် ကျွန်တော်တို့အကောင်အထည်ဖော် တည်ဆောက်နေပါပြီ။

အကယ်ဒမီ လွင်မိုး

ကျွန်တော်တို့နဲ့အတူတူ လက်တွဲခဲ့တဲ့ ဝါရင့်အနုပညာရှင်တွေ၊ ဒါရိုက်တာကြီးတွေ၊ လူရွှင်တော်ကြီးတွေ၊ ကင်မရာမန်းတွေ အားလုံးကို တစုတဝေးတည်း ကျန်းကျန်းမာမာနဲ့ ပြန်တွေ့ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိတယ်။ ကျွန်တော်တို့အားလုံးလည်း တစ်နေ့ဒီနေရာကို ရောက်ရမှာ ပါပဲ။ အခုလို ဝါရင့်အနုပညာရှင်ကြီးတွေကို အနုပညာလောကသားတွေအားလုံး နှစ်စဉ်ဂါရဝပြု အခမ်းအနားတွေ ပြုလုပ်လာခဲ့ကြတယ်။ ဒီထက်ပိုပြီး အစည်းအရုံးကနေကော ကျွန်တော်တို့အနုပညာရှင်တွေကပါ လုပ်ပေးသင့်ပါတယ်။

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ခင်ဝင့်ဝါ

အရင်က သရုပ်ဆောင်ကြီးတွေ၊ အတွေ့အကြုံရင့် မင်းသားမင်းသမီးကြီးတွေကို လာရောက်ဂါရဝပြုရတဲ့အတွက် အလွန်ပဲဝမ်းသာပီတိဖြစ်မိပါတယ်။ အနုပညာလောကထဲဝင်ရောက်ပြီး ဒုတိယအကြိမ်မြောက် တက်ရောက်တာပါ။ နောင်နှစ်တွေလည်း ဆက်ဆက်လာဖြစ်အောင် လာမှာပါဟု ပြောကြားသွားကြသည်။

အဆိုပါအခမ်းအနားသည် (၅၂) ကြိမ်မြောက် ယခုနှစ်အတွက် မြန်မာ့စာပေ၊ ဂီတ၊ အနုပညာရှင်၊ အတတ်ပညာရှင်များထဲမှ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော သက်ကြီးရွယ်အို ၁၄၄ ဦးအား ရွေးချယ်၍ ငွေကျပ်နှစ်သိန်း၊ ဆေးဝါးပစ္စည်းများဖြင့် မြန်မာ့ရုပ်ရှင်အစည်းအရုံးမှ ပူဇော်ကန်တော့ကြသည့် ပွဲပင်ဖြစ်သည်။ သို့သော်လည်း ယင်းအခမ်းအနားသို့ လက်ရှိ အနုပညာနယ်ပယ်မှ အနုပညာရှင် အနည်းငယ်သာ တက်ရောက်ခဲ့ကြသည်။ ယင်းအကြောင်းနှင့်ပတ်သက်၍ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းကို မေးမြန်းခဲ့ရာ "ကျွန်တော့်အနေနဲ့ ဒါနဲ့ပတ်သက်ပြီး ခံစားချက်ဖြစ်မိပါတယ်။ ဒါကတော့ ကျွန်တော်တို့ တကူးတကလည်း ဖိတ်ပါတယ်။ ကြေညာပါတယ်။ ဖုန်းနဲ့လည်း အကြောင်းကြားပါတယ်။ လာတာမလာတာကတော့ အခကြေးငွေနဲ့ ဖိတ်တဲ့ပွဲမဟုတ်တဲ့အတွက် စိတ်ထဲကမပါဘဲ မလာစေချင်ပါဘူး။ ကိုယ့်ရဲ့အသိစိတ်နဲ့ လာရမယ့်ပွဲဖြစ်ပါတယ်။ တချို့တွေကတော့ ခရီးလွန်နေလို့ ရောက်မလာကြတာ ဖြစ်ပါတယ်"ဟု ပြောသည်။

ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၃

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်မှာ "ကျေးလက်ဒေသ ဆင်းရဲမှုသံသရာကို တိုက်ဖျက်နိုင်ရေး လယ်ယာကဏ္ဍ လူမှုစီးပွားဘဝ ကာကွယ်မြှင့်တင်ပေး"ဖြစ်ပြီး အခမ်းအနားတွင် ပြခန်းများနှင့် ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာထူးချွန်ဆု၊ သစ်တောကဏ္ဍဆိုင်ရာထူးချွန်ဆုနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် လာအိုကို မြန်မာအသင်းအနိုင်ယူ မြန်မာအသင်း အဆင့်(၄)နေရာတွင် ရပ်တည်နေ

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲအဖြစ် မြန်မာအသင်းနှင့် လာအိုအသင်းတို့သည် ယနေ့ညနေပိုင်းက မြန်မာအသင်း အိမ်ကွင်းပွဲစဉ်အဖြစ် ဘန်ကောက်မြို့ရှိ ဆူပါချာလာစိုင်းကွင်း၌ ယှဉ်ပြိုင်ကစားသည်။

မြန်မာ -သုံးဂိုး
လာအို - တစ်ဂိုး

လက်ရှိယှဉ်ပြိုင်နေသည့် ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ၂၀၁၅ အတွင်းယှဉ်ပြိုင်နေသည့် နိုင်ငံတကာ ခြေစမ်းပွဲများတွင် နိုင်ပွဲမရသေးသည့် မြန်မာ့လက်ရွေးစင်အသင်းအတွက် ပထမဆုံးနိုင်ပွဲဖြစ်ခဲ့သည်။ မြန်မာအသင်းမှာ ယခုပွဲတွင် လာအိုအသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ဦးဆောင်ဂိုးပေးခဲ့ရသော်လည်း နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် လက်ဘန္ဓန်အသင်းနှင့်ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို ခြောက်ဦးအထိ အပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ကျော်ဇင်ဖြိုး(ဂိုး)၊ ကျော်ဇင်လွင်၊ အောင်ဇော်၊ ဇော်မင်းထွန်း၊ ခင်မောင်လွင်၊ ရန်အောင်ကျော်၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ အောင်သူ၊ ကျော်ကိုကို၊ ဆောင်လမန်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစတစ်မိနစ်မှာပင် မြန်မာအသင်း မထင်မှတ်ဘဲ ဂိုးပေးခဲ့ရပြီး ဆာရာမူသီက လာအိုအတွက် ဂိုးစတင်သွင်းယူပေးခဲ့သည်။ ဂိုးပေးလိုက်ရ၍ မြန်မာအသင်း ချေပဂိုးရရှိရန် တရစပ်ကြိုးပမ်းလာခဲ့ပြီး ၁၃ မိနစ်တွင် ဂိုးပြန်ရခဲ့သည်။ အဆိုပါချေပဂိုးကို ယခုပွဲ၌ တိုက်စစ်မှူးအဖြစ် ကစားခဲ့သည့် ဆောင်လမန်က သွင်းယူခဲ့သည်။ ချေပဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်း၏ ပွဲဖြစ်သွားခဲ့ပြီး စိတ်ကြိုက်ဖိကစားနိုင်ခဲ့သည်။

၃၁ မိနစ်တွင် မြန်မာအသင်း ဒုတိယဂိုးရခဲ့ပြီး တောင်ပံကစားသမား ကျော်ကိုကိုက သွင်းယူခဲ့ကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေသည်။ ဒုတိယပိုင်းအစတွင်လည်း မြန်မာအသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ရန်အောင်ကျော်၏ ကန်ချက်မှာတိုင်ထိထွက်ခဲ့သော်လည်း မိနစ် ၅၀ တွင် တတိယဂိုးရခဲ့သည်။ ယင်းဂိုးကို မြန်မာအသင်းအတွက် ခြေစွမ်းပြကစားနေသည့် အောင်သူကသွင်းယူပေးခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းကစားသွားခဲ့ပြီး လာအို အသင်းအခွင့်အရေးပြန်လည်ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

ယခုပွဲအပြီးတွင် မြန်မာအသင်းက ငါးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံး လေးမှတ်ဖြင့် အဆင့်လေးနေရာတွင် ရပ်တည်နေသည်။

သတင်း -ရှိုင်းထက်ဇော်
ဓာတ်ပုံ - MFF

ရိုးမားအသင်းမှာ စီးရီးအေ၌ အရည်အချင်းအရှိဆုံးအသင်းဟု အန်ဆယ်လော့တီ ဆို

ရိုးမားအသင်းသည် အီတလီစီးရီးအေ၌ အရည်အချင်းအရှိဆုံးအသင်းဖြစ်ကြောင်း ရီးယဲလ်လမက်ဒရစ်အသင်းနည်းပြဟောင်း အန်ဆယ်လော့တီက ယုံကြည်ထားသော်လည်း စီးရီးအေဖလားရရှိနိုင်မှုနှင့် စပ်လျဉ်း၍ ရေပန်းစားသည့်အသင်းများစာရင်းတွင် ထည့်သွင်းရန်အတွက်မူ ငြင်းဆိုခဲ့သည်။

ရိုးမားအသင်းသည် လက်ရှိအီတလီစီးရီးအေအမှတ်ပေးဇယားတွင် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်လျက်ရှိသည့် ဖီအိုရင်တီးနားအသင်းနှင့် လေးမှတ်အကွာ အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိပြီး အမှတ်ပေးဇယား အဆင့်(၁၂)နေရာတွင် ရပ်တည်လျက်ရှိသည့် လက်ရှိ အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းအား ခြောက်မှတ်အထိ ဖြတ်ထားနိုင်ခဲ့သည်။

ရိုးမားအသင်းသည် တိုက်စစ်ပိုင်းတွင် အေဒင်ဇက်ကို၊ မိုဟာမက်ဆာလာ၊ ဂါဗင်ဟို၊ ဖယ်ကေးနှင့် ဖရန်စကို တော့တီတို့ရှိနေသည့်အပြင် ကွင်းလယ်ပိုင်းတွင်လည်း နိုင်ဂိုလန်နှင့် ပီဂျာနစ်တို့ ရှိနေခြင်းကြောင့် အသင်း၏ တိုက်စစ်ပိုင်းနှင့် ကွင်းလယ်ပိုင်း စိတ်ချရမှုရှိနေသည်။ ထို့ကြောင့် အင်အားတောင့်တင်းမှုနှင့် နည်းစနစ်ပိုင်း အားသာချက်ရှိနေပြီး ကွင်းလယ်ပိုင်းနှင့် တိုက်စစ်ပိုင်း ချိတ်ဆက်မှုအားကောင်းသည့်အသင်းဖြစ်သည်။ သို့သော် နောက်တန်းခံစစ်ပိုင်းတွင်မူ အားနည်းချက်ရှိနေသည့် အသင်းဖြစ်သည်။ သို့သော် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဟောင်း အန်ဆယ်လော့တီကမူ ရိုးမားအသင်းမှာ အီတလီစီးရီးအေတွင် အရည်အချင်းအရှိဆုံးအသင်းအဖြစ် မှတ်ချက်ပြုပြောကြားခဲ့သည်။ **(ဌေးကြယ်)**

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆဋ္ဌမပွဲစဉ် (တောင်ကြီး)၌ ဆက်လက်ကျင်းပ

တောင်ကြီး အောက်တိုဘာ ၁၃

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာ့ရှေ့ဆောင်ဘဏ်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆဋ္ဌမပွဲစဉ် (တောင်ကြီး)၏ တတိယနေ့ ပွဲစဉ်များကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ရှိ အေးသာယာ ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့ (၁၈)ကျင်းအပြီးတွင် ပရော်ဖက်ရှင်နယ် အဆင့်ပြိုင်ပွဲ၌ သိန်းဇော်မြင့် (Minzuno) က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့်ပထမ၊ သိန်းနိုင်စိုး (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၄ချက် ဖြင့်ဒုတိယ၊ ဘိုဘို (HAN Golf Academy)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၅ ချက်ဖြင့် တတိယလိုက်နေကြပြီး အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် ဇော်ဇော်ထွန်းက စုစုပေါင်းရိုက်ချက် ၂၂၄ ချက်ဖြင့် ပထမ၊ ကျော်သက်ဦးက စုစုပေါင်းရိုက်ချက် ၂၂၅ ချက်ဖြင့်ဒုတိယ၊ မောင်မောင်မဲက စုစုပေါင်း ရိုက်ချက် ၂၂၅ ချက်ဖြင့် တတိယရရှိကာ အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ခင်မာနွယ်က စုစုပေါင်းရိုက်ချက် ၁၅၅ချက်ဖြင့် ပထမ၊ ယဉ်မေမျိုးကစုစုပေါင်းရိုက်ချက် ၁၅၆ချက်ဖြင့် ဒုတိယ၊ မေဦးခိုင်က စုစုပေါင်းရိုက်ချက် ၁၅၇ချက်ဖြင့် တတိယလိုက်နေကြသည်။

ဖိုးသော်ဇင်

အင်္ဂလန်အားရှုံးနိမ့်ပြီးနောက် လစ်သူယေးနီးယားနည်းပြ ရာထူးမှနုတ်ထွက်

လစ်သူယေးနီးယားနည်းပြ ပန်းခရက်ဂျီးဗက်သည် လစ်သူယေးနီးယားက အင်္ဂလန်အား သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော ပွဲအပြီးတွင်လက်ရှိရာထူးမှချက်ချင်းဆိုသလိုနုတ်ထွက်သွားခဲ့သည်။အသက်(၅၁)နှစ်အရွယ်ရှိ အဆိုပါ နည်းပြမှာ ပွဲအပြီးသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ၎င်းနုတ်ထွက်မည့် အကြောင်းအားကြေညာခဲ့ခြင်းဖြစ်သည်။

ပန်းခရက်ဂျီးဗက်သည် ၂၀၁၃စက်တင်ဘာလက နုတ်ထွက်သွားသော နည်းပြလက်ဇီလို၏နေရာအား ဆက်ခံခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ နှစ်ဦးပိုင်းတွင် အမြဲတမ်းနည်းပြအဖြစ် တာဝန်ပေးအပ်ခံခဲ့ရခြင်းဖြစ်သည်။ လစ်သူယေးနီးယားသည် အုပ်စု(၈)တွင် အက်စတိုးနီးယားနှင့်ရမှတ်တူဂိုးကွာခြားချက်ဖြင့် အဆင့်(၅)နေရာ၌ ရပ်တည်နိုင်ခဲ့သော်လည်း ပန်းခရက်ဂျီးဗက်ကမူ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့သည်။

ပန်ခရက်ဂျီးဗက်က ယူရိုခြေစစ်ပွဲအပြီးတွင် ၎င်းအနေဖြင့် ထွက်ခွာရန်အချိန်တန်ပြီဖြစ်ကြောင်း၊ အသင်းအားပံ့ပိုးပေးသူများအားကျေးဇူးတင်ရှိကြောင်း ယင်းသတင်းစာရှင်းလင်းပွဲ၌ ထည့်သွင်းပြောကြားခဲ့သည်။ **(မေလဲ့သင်း)**

ကံတရားကြောင့်သာနိုင်ခဲ့တဲ့ စပိန်

စပိန်အသင်းသည် ယူကရိန်းနှင့်ယှဉ်ပြိုင်ခဲ့ရသော ယူရို-၂၀၁၆ခြေစစ်ပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းမှာ ခြေစွမ်းထက် ကံကောင်း၍သာဖြစ်ကြောင်း စပိန်ဂိုးသမားဒီဂီယာကဝန်ခံပြောကြားလိုက်သည်။ စပိန်သည် အဆိုပါပွဲစဉ်၌ မာတီနက်ဇ်၏တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ယူကရိန်းအားခြေစွမ်းအသာမရရှိခဲ့ဘဲ ဂိုးသမားဒီဂီယာ၏ လက်စွမ်းပြမှုကြောင့်သာ စပိန်အသင်း ကံကောင်းခဲ့ခြင်းဖြစ်သည်။

"စပိန်အသင်းက ကံကောင်းလို့သာနိုင်ပွဲရခဲ့တာပါ။ ဒီပွဲမှာ ကစားခဲ့တဲ့ ကျွန်တော့် လက်စွမ်းအပေါ်မှာလည်း တကယ့်ကို ကျေနပ်အားရမှုရှိပါတယ်။ ဒါကြောင့် စပိန်အသင်းရဲ့ ဦးစားပေးဂိုးသမားအဖြစ်အမြင့်ဆုံးပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရချင်ပါတယ်။ ဒါပေမယ့် ဒါကနည်းပြရဲ့ရွေးချယ်မှုပါ " ဟုဒီဂီယာကဆိုသည်။

ယူရို-၂၀၁၆ခြေစစ်ပွဲတိုက်ရိုက်ဝင်ခွင့်ရရန်မျှော်လင့်ချက်ကြောင့် ယူကရိန်းအသင်းမှာ ပွဲအစအဆုံး တိုက်စစ်ဖွင့်ကစားကာ မာမာထန်ထန်တို့ပြန်ခဲ့သောကြောင့် စပိန်အသင်း အခက်တွေ့ခဲ့ရသောပွဲစဉ်လည်း ဖြစ်ခဲ့သည်။

မေလဲ့သင်း

စီးရီးအေရင်ခုန်သံ – ဂ

နိုင်ငံတကာပွဲစဉ်တွေကြောင့် တစ်ပတ်ကြာရပ်နားထားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်တွေကို အောက်တိုဘာ ၁၇၊ ၁၈၊ ၁၉ ရက်တွေမှာ ပြန်လည်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ပြန်လည်ကျင်းပမယ့် ပွဲစဉ် (၈)မှာတော့ နာပိုလီနဲ့ ဖီအိုရင်တီးနား၊ အင်တာမီလန်နဲ့ ဂျူဗင်တပ်တို့ ဆုံနေလို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

ရိုးမား - အမ်ပိုလီ ည-၁၀း၃၀ (၁၇-၁၀-၁၅)

ရိုးမားက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲစဉ်ကစားရဖို့ ရှိနေလို့ ခြေကုန်ထုတ်ဖို့ခက်ပါလိမ့်မယ်။ ဒါပေမယ့် ရိုးမားဟာထိပ်ဆုံးက ဖီအိုရင်တီးနားနဲ့ လေးမှတ်ကွာဟနေပြီး အိမ်ကွင်းလည်းဖြစ်တာကြောင့် အမှားခံမှာမဟုတ်ပါဘူး။ ဒဲ့အပြင်အမ်ပိုလီရဲ့ ခြေစွမ်းပိုင်းကလည်း သာမန်သာရှိတာကြောင့် ရိုးမားတို့အိမ်ကွင်းမှာ နိုင်ပွဲရသွားမှာပါ။

တိုရိနို- အေစီမီလန် နံနက်-၁း၁၅ (၁၈-၁၀-၁၅)

အေစီမီလန်ဟာ အခုအချိန်အထိ ခြေစွမ်းမတည်ငြိမ်သေးပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ထားရသလို အဝေးကွင်း ၄ ပွဲမှာလည်း သုံးပွဲတိတိရှုံးနိမ့်ထားခဲ့ရပါတယ်။ တိုရိနိုကတော့ ဒီရာသီမှာ ခြေစွမ်းသာမန်သာရှိပေမယ့် အိမ်ကွင်းပွဲတိုင်းနိုင်တဲ့ ခြေကောင်းခဲ့တာတွေ့ရပါတယ်။ တိုရိနိုအနိမ့်ဆုံးသရေရမှာပါ။

ဘိုလော့နာ - ပါလာမို ညနေ-၅း၀၀ (၁၈-၁၀-၁၅)

ဘိုလော့နာဟာ ခြေစွမ်းပိုင်းအားနည်းမှုတွေများလွန်းနေပြီး ပွဲစဉ် (၇)အပြီးမှာ အမှတ်ပေးဇယားအောက်ဆုံးရောက် နေပါတယ်။ တိုက်စစ်ပိုင်းက အားနည်းမှုတွေများလွန်းပြီး ဖရိုစိနိုနီကိုတောင် ခက်ခက်ခဲခဲအနိုင်ယူခဲ့ရတယ်။ ဒါပေမယ့် ကွင်းက ဘိုလော့နာကွင်းဖြစ်ပြီး ပါလာမိုကလည်း ခြေပျက်နေတာကြောင့် သရေကျဖို့မျှားပါတယ်။

အတ္တလန္တာ - ကာပီ ည-၇း၃၀ (၁၈-၁၀-၁၅)

နောက်ဆုံးပွဲစဉ်မှာ တိုရိနိုကိုအနိုင်ရပြီး ကာပီတို့ ပထမဆုံးနိုင်ပွဲရခဲ့ပေမယ့် ခြေစွမ်းပိုင်းကတော့ အားနည်းနေဆဲပါ။ အထူးသဖြင့် ခံစစ်ပိုင်းကတည်ငြိမ်မှုမရှိလို့ အိမ်ကွင်းအားနဲ့ တိုက်စစ်ဖွင့်ကစားလာမယ့် အတ္တလန္တာရဲ့ ဖိအားပေးမှုကို ထိန်းချုပ်ဖို့ခက်ခဲလာမှာပါ။ အတ္တလန္တာက ခြေသာမန်သာရှိတဲ့ကြားက နိုင်ပွဲယူသွားမှာပါ။

ဖရိုစိနိုနီ - ဆမ်ဒိုးရီးယား ည-၇း၃၀ (၁၈-၁၀-၁၅)

ဖရိုစိနိုနီဟာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ အမ်ပိုလီကိုအနိုင်၊ ဂျူဗင်တပ်ကိုသရေကစားနိုင်ခဲ့လို့ ခြေစွမ်းပိုင်း တိုးတက်မှုတွေရှိလာသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဆမ်ဒိုးရီးယားကတော့ နောက်ဆုံး လေးပွဲမှာ တစ်ပွဲသာနိုင်ပြီး ခြေစွမ်းကျဆင်းလာတာတွေ့ရတယ်။ ဆမ်ဒိုးရီးယားနိုင်မယ်ဆိုရင်တောင် ပြတ်သားဖို့ခက်တယ်။

ဂျီနိုအာ - ချီယေပို ည-၇း၃၀ (၁၈-၁၀-၁၅)

ဂျီနိုအာက နောက်ဆုံးနှစ်ပွဲမှာ အူဒီးနီးစ်နဲ့ သရေ၊ အေစီမီလန်ကိုအနိုင်ရခဲ့တယ်ဆိုပေမယ့် တိုက်စစ်ပိုင်းအားနည်းမှုကတော့ရှိနေဆဲ ပဲဖြစ်ပါတယ်။ ချီယေပိုကတော့ ခံစစ်ကစားပုံမဆိုးသလို စုစုပေါင်း ခုနစ်ပွဲမှာ တစ်ပွဲသာရှုံးနိမ့်ခဲ့တဲ့အထိ ခြေစွမ်းတည်ငြိမ်မှုရှိပါတယ်။

ပီရိန်နာ - အူဒီးနီးစ် ည-၇း၃၀(၁၈-၁၀-၂၀၁၅)

ဗီရိုနာဟာ ဒီရာသီစီးရီးအေပြိုင်ပွဲမှာ နိုင်ပွဲမရသေးတဲ့ တစ်ခုတည်းသောအသင်းဖြစ်ပြီး တန်းဆင်းဇုန်အတွင်းမှာ တည်ရှိပါတယ်။ တိုက်စစ်ကစားပုံကလည်း အားနည်းမှုတွေရှိနေတာကြောင့် အိမ်ကွင်းဖြစ်ပေမယ့် အူဒီးနီးစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်သွားရမှာသေချာပါတယ်။ အူဒီးနီးစ်ကသာ ကပ်နိုင်သွားဖို့ရှိပါတယ်။

နာပိုလီ - ဖီအိုရင်တီးနား ည-၇း၃၀(၁၈-၁၀-၂၀၁၅)

နှစ်သင်းစလုံးဥရောပပွဲတွေရှိနေကြပါတယ်။ လက်ရှိအချိန်မှာ ဖီအိုရင်တီးနားရဲ့ခြေစွမ်းက အကောင်းဆုံးပုံစံမှာရှိနေပြီး တိုက်စစ်ကစားပုံလည်း ထက်မြက်ပါတယ်။ ဒါပေမယ့် နာပိုလီကလည်း ခြေစွမ်းပိုင်းတိုးတက်မှုတွေရှိလာပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေတည်ငြိမ်နေပါတယ်။ ဂိုးအပြန်အလှန်သွင်းပြီး သရေကျသွားဖို့ မျှားပါတယ်။

ဆာစူအိုလို - လာဇီယို ည-၇း၃၀(၁၈-၁၀-၂၀၁၅)

ဆာစူအိုလိုက ကစားပြီးသမျှ ခုနစ်ပွဲမှာ တစ်ပွဲသာရှုံးသေးတယ်ဆိုပေမယ့် နောက်ဆုံး၈ပွဲမှာ တစ်ပွဲသာနိုင်ခဲ့တာကိုကြည့်ရင် ခြေစွမ်းပိုင်းသာမန်သာရှိတာ ထင်ရှားပါတယ်။ လာဇီယိုကတော့ နောက်ဆုံးသုံးပွဲဆက်အနိုင်ရလဒ်ရယူနိုင်ခဲ့သလို ခြေစွမ်းလည်း တိုးတက်လာပါတယ်။ ဥရောပဖိအားရှိပေမယ့် လာဇီယိုပဲ အနိုင်ရသွားဖို့ရှိပါတယ်။

အင်တာမီလန် - ဂျူဗင်တပ် နံနက်-၁း၁၅(၁၉-၁၀-၂၀၁၅)

အင်တာမီလန်က နှစ်ပွဲအနိုင်ပျောက်ဆုံးခဲ့ရပြီး ခြေစွမ်းကျဆင်းနေပါတယ်။ ဒါပေမယ့် အင်တာက နိုင်ပွဲပြန်ရဖို့အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းလည်း ဖြစ်နေတာ။ ဂျူဗင်တပ်ရဲ့ ခြေကလည်း အခုအချိန်အထိ မတည်ငြိမ်သေးပါဘူး။ ဒဲ့အပြင် ဂျူဗင်တပ်က ချန်ပီယံလိဂ်ဖိအားလည်း ရှိနေပါတယ်။

❑❑❑

အမြန်လမ်းတွင်ယာဉ်မောင်းအိပ်ငိုက်၍ လမ်းဘေးပလက်ဖောင်းဝင်တိုက်

ကျောက်တံခါး အောက်တိုဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ် (၁၀၃/၀-၁)အကြားတွင် အောက်တိုဘာ ၁၃ ရက် နံနက် ၁ နာရီခွဲက ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်းမျိုးမင်းလတ် မောင်းနှင်သည့် ၉၁/---- ဟွန်ဒိုင်းဘတ်စ်ဖြူ၀ါကျား ခရီးသည်တင် မှန်လုံယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်၍ လမ်းလယ်ကျွန်းအား ၀င်တိုက်မိပြီး ယာဉ်မှာ တိမ်းမှောက်ခဲ့၍ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ခရီးသည် ၄၂ ဦးအနက် ခရီးသည် ငါးဦးမှာ ဒဏ်ရာများ အသီးသီးရရှိခဲ့၍ ကညွတ်ကွင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ကိုလေးလွင်(ခ)ကိုဝင်းလေး(၃၇)နှစ် မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကိုဆန်းထူး(၄၈)နှစ် ပုသိမ်ကြီးမြို့နယ်၊ ကိုတင်မျိုးလေး(၂၃)နှစ် ဂျို့ကုန်းကျေးရွာ လယ်ဝေးမြို့နယ်၊ မမီးမီး(၂၂)နှစ် ဂျို့ကုန်းကျေးရွာ လယ်ဝေးမြို့နယ်နှင့် မသဲစုနှင်း တစ်နှစ် ငါးလလယ်ဝေးမြို့နေသူတွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်နေပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းက ယာဉ်မောင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ခင်ကိုဂ(ကျောက်တံခါး)

■

ရေတာရှည်မြို့နယ်တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

ရေတာရှည် အောက်တိုဘာ ၁၃

ပဲခူးရိုးမအတွင်းမှ တရားမဝင်သစ်ထုတ်လုပ်မှုများ လျော့ကျရေးအတွက် တာ၀နှ်ရှိသူများက အဆက်မပြတ် ဖမ်းဆီးလျက်ရှိရာ အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက နေပြည်တော် သစ်တောဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်း ဦးစီးအဖွဲ့နှင့် ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦး၀င်းထွန်းနိုင် ဦးစီးအဖွဲ့တို့ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရကျေးရွာအုပ်စု ငါးခုံးမချောင်းရပ်ကွက်အတွင်း တရားမဝင်ကျွန်းခွဲသားများရှိကြောင်း သတင်းအရ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ဒေါ်မာဦး၏ နေအိမ်အတွင်းမှ ကျွန်းဓားရွေ ကိုးချောင်း (သုည ဒသမ ၂၁၅ တန်)၊ မင်ယ်လေးထံမှ ကျွန်းဓားရွေခုနစ်ချောင်း (သုည ဒသမ ၂၁၁၄ တန်)၊ ကိုအောင်ထံမှ ကျွန်းဓားရွေ (သုည ဒသမ ၁၉၂၀ တန်)၊ မနီထံမှ ကျွန်းဓားရွေ သုံးချောင်း (သုည ဒသမ ၁၇၂၈ တန်)၊ မစိုးထံမှ ကျွန်းဓားရွေ ရှစ်ချောင်း (သုည ဒသမ ၁၀၄၈ တန်)၊ တရုတ်နီအင်ဂျင်တစ်လုံး၊ အချင်း ၂ ပေလွှဝိုင်းတစ်ခု၊ အချင်း ၁၃ လက်မရှိ ပူလီသီးတစ်ခုနှင့် ရှပ်တန်းတစ်ခုတို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ညောင်ဦး အောက်တိုဘာ ၁၃

ညောင်ဦးမြို့ ရွှေစည်းခုံဘုရားပေါ်တွင် အောက်တိုဘာ ၁၁ ရက်ကနိုင်ငံခြားသားတစ်ဦး မေ့ကျန်ခဲ့သည့် ကျောပိုးအိတ်တစ်အိတ်ကို သတ္တမတန်း ကျောင်းသားတစ်ဦးတွေ့ရှိကာ ဂေါပကအဖွဲ့ထံသို့ လာရောက်အပ်နှံခဲ့သဖြင့် ပိုင်ရှင်ဖြစ်သူအားရှာဖွေကာ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ရက် ညနေ ၃ နာရီခန့်က ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ အရှေ့တောင်ထောင့် ရင်ပြင်ပေါ်တွင် EIGER စာတန်းပါ အနက်ရောင် ကျောပိုးအိတ်တစ်လုံးကို အမှတ်(၅) နယ်မြေ သီလရင်စုရပ်ကွက်နေ မောင်ရှင်းဝဏ္ဏအောင် (၁၃)နှစ်က တွေ့ရှိခဲ့သဖြင့် အဆိုပါအိတ်အား ဘုရားကြီး ဂေါပကအဖွဲ့မှ တာ၀နှ်ရှိသူများထံသို့ လာရောက်အပ်နှံခဲ့ကြောင်း၊ ယင်းအိတ်အား ရွှေစည်းခုံဘုရား၌ တာ၀နှ်ကျသည့် ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့မှ ရဲ၀နှ်ထမ်းများနှင့် ဂေါပကအဖွဲ့မှ တာ၀နှ်ရှိသူများက ဖွင့်ဖောက်စစ်ဆေးလက်ခံခဲ့ရာ အိတ်အတွင်း၌ Samsung တံဆိပ်ပါ ၇ လက်မ ခန့် အဖြူရောင် Tablet တစ်လုံးကို တွေ့ရှိရကြောင်း သိရသည်။

ထို့နောက် အိတ်ပျောက်ဆုံးသူအား ရှာဖွေ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ရွှေစည်းခုံဘုရားကြီး ဂေါပကအဖွဲ့ရုံးသို့ အင်ဒိုနီးရှားနိုင်ငံသား Mr.Hevoriu Teivelu Moesthafa ရောက်ရှိလာခဲ့ပြီး ၎င်း၏ ကျောပိုးအိတ်တစ်လုံး ဘုရားပေါ်တွင် မေ့ကျန်ရစ်ခဲ့ကြောင်း လာရောက်ပြောပြခဲ့ရာ တာ၀နှ်ရှိသူများက ပိုင်ရှင် မှန်၊ မမှန် သိရှိနိုင်ရန် စစ်ဆေးမေးမြန်းခဲ့ပြီး ၎င်း၏အိတ်ဖြစ်ကြောင်း မှန်ကန်စွာပြောပြနိုင်ခဲ့သဖြင့် တာ၀နှ်ရှိသူများက အင်ဒိုနီးရှားနိုင်ငံသား ထံသို့ ကျောပိုးအိတ်နှင့် အိတ်အတွင်းပါပစ္စည်းများကို ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

ရဲသူရအောင် (ညောင်ဦး)

■

ရွှေစည်းခုံဘုရားပေါ်တွင် အင်ဒိုနီးရှားနိုင်ငံသားမေ့ကျန်ခဲ့သော ကျောပိုးအိတ် ဒေသခံကျောင်းသားတစ်ဦးတွေ့ရှိ၍ ပိုင်ရှင်ထံ ပြန်လည်အပ်နှံ

ရွှေထီပေါ်တန်း၊ သီတင်းကျွတ်လခရီးစဉ်
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင် (ဧရာ၀ဋ်)
+ ရွယ်တော်လေးဆူ၊ ပုဂံ၊ ပုဗ္ပါ။ ပခုက္ကူ + တောင်ကြီး။ အင်းလေး။ ပင်းတယ၊ ထစ်ဝမ်းမီး
+ ဟောင်တော်ဦးဘုရားပွဲ + မန္တလေး။ ပြင်ဦးလွင်၊ ဝစ်ကိုင်း။ မုံရွာ [ခရီးနှင့်တိုင်း-စား+တည်း ဦမ်း]
01-701015,01-710436,09-5403844,09-5044830

ဗိုလ်ခေါင်ဘုရားမူးခရီးစဉ်များ
✦ ပန္တလေး-ပြင်ဦးလွင်ခရီးရှည် Oct-23,27
✦ ပုဂံ(ရွယ်တော်လေးဆူ)-ပုဗ္ပါ-ပခုက္ကူ Oct-23,27
✦ တောင်ကြီး-အင်းလေး(တောင်တော်ဦးဘုရားပွဲ) Oct-23,27
ခရီးစဉ်ပြီးဆုံးဘတ္တာက ကားပျိုးဆုံ ဝိုလုံ့ရောသည်။
Ph:01-703448, 209200, 544383, 09-5081580

GOLDEN STAR Travels & Tours

ဗိုလ်ခေါင်ဘုရားမူးခရီးစဉ်များ
✦ ပန္တလေး-ပြင်ဦးလွင်-ကျိုက်ထီးရိုး (ရွယ်တော်လေးဆူ)-ပုဗ္ပါ-ပခုက္ကူ (Oct-23,27)
✦ ပုဂံ(ရွယ်တော်)-ပုဗ္ပါ-ပခုက္ကူ-ဧရ(ရ)-ပုဂံ(ရွယ်တော်)-ပုဗ္ပါ-ပန္တလေး-ပြင်ဦးလွင်(ရ)ရက်
✦ ပန္တလေး-ပြင်ဦးလွင်-ဝစ်ကိုင်း-မုံရွာ(ကျောက်စိမ်းဘုရား) (ရ)ရက်
✦ ထားဝယ်-ရွှင်ကိုးရွှင်-ဟောင်မကန်-ကမ်းခြေ(၆)ရက်၊ ✦ ကျိုကရီး ထွမ်းဈေးပွဲ၊ ဂက်ခဲ-ကမ်းခြေ-ဟော်လပြိုင် ဘုရားစုံ အပတ်စဉ်(ဧသာကြာ) ✦ [illegible]
✦ [illegible]
၂၇၅ပန်းဆိုးတန်းလမ်း။ 249871,5122511,09-255553, 09-5137245

ဖခင်အမည်မှန်
တောင်ငူမြို့ လေးမိုင်အထက၊ တက္ကသိုလ် ဝင်တန်းမှ မနော်မူယယ်ဖဲ့၏ဖခင်အမည်မှန်မှာ ဦးစောလှမေ[၃/သတန(နိုင်)၀၂၄၇၃၄] ဖြစ်ပါကြောင်း။ **ဦးစောလှမေ [၃/သတန(နိုင်)၀၂၄၇၃၄]**

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ရောင်းကောင်းပေးဝယ်သည်။
09-6809893
09-6819020

Golden Signature of Myamnar Travels & Tours
- တောင်ကြီး ခရီးစဉ် (Oct 24) (Nov 25)
- ပုဂံ ခရီးစဉ် (Oct 24) (Nov 25)
- ပြည် - အကောက်တောင် (Oct 17, 27)
- ဝန်ကောက် Oct 24-28 (4N 5D)
- စင်ကာပူ Oct 25-28 (3N 4D)
- ဒီယန်နမ် Oct 29, Nov 01 (3N 4D)
အမှတ်(၉၆)၊ အခန်း(၄/က)၊ ဝေးဆောင့်ကန်လမ်းကြီး။ သက်နီးကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph- 09 794455998, 09 780002909, 09 798300144

သင့်လျော်သည့်လျော်ကြေး ခံစားခွင့်ပြုမည်ဖြစ်ပါသဖြင့် ခံစားခွင့်ရရှိသူများစာရင်းအား အသိပေးကြော်ငြာခြင်းနှင့် ကန့်ကွက်ရန်ရှိပါက ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉ဂေ၊ ၉ အယ်လ်၊ ၉ အယ်လ် ၁)(ယခင်- စီအိုဒီ)ဝင်းအတွင်းမှ Botataung Time Square အိမ်ရာစီမံကိန်းနှင့်ပတ်သက်၍ တင်ပြလျှောက်ထားလာသော ပိုင်ဆိုင်မှုအထောက်အထားတင်ပြနိုင်သည့် မြေကွက်များအား သင့်လျော်သည့်လျော်ကြေး ခံစားခွင့်ပြုရန်အတွက် ခံစားခွင့်ရရှိသည့် မြေကွက်ပေါင်း(၂၇၇)ကွက်ကို စိစစ်ဆောင်ရွက်မြီးဖြစ်ပါသဖြင့် အဆိုပါ မြေကွက် (၂၇၇)ကွက်၏ စာရင်းအား မြို့ပြနှင့်အိမ်ရာပွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗိုလ်တထောင်မြို့နယ်၊ ကြော်ငြာသင်ပုန်းတို့တွင်ကပ်၍ ဖော်ပြထားပါသည်။ အတည်ပြုစာရင်းအား သိရှိလိုပါက ကြော်ငြာသင်ပုန်းရှိရာ နေရာများသို့ ၁၄-၁၀-၂၀၁၅ရက်မှစ၍ ၁၄-၁၁-၂၀၁၅ရက်အထိ လာရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စိစစ်ရေးအဖွဲ့
မြို့ပြနှင့်အိမ်ရာပွံ့ဖြိုးရေးဦးစီးဌာန

မိခင်အမည်မှန်
အထက(၁)ဒဏ်၊ ဒသမတန်း(B)တွင် ပညာသင်ကြားနေသော ဦးအောင်သန်း၏ သမီး မမုဒါအောင်သန်း၏ မိခင်အမည်မှန်မှာ ဒေါ်ဝါဝါ ဖြစ်ပါသည်။ **ဒေါ်ဝါဝါ**

လက်ပံခါးကော့-ဂဠုန်ရွာ၌ချောင်းကူးတံတားသစ်ဆောက်လုပ်မည်

မိတ္ထီလာ အောက်တိုဘာ ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လက်ပံခါးကော့ကျေးရွာအနီးရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသခံများ ဖြတ်သန်းသွားလာ အသုံးပြုနေသည့် လက်ပံခါးကော့- ဂဠုန်ကုန်း ချောင်းကူးတံတားကို အသစ်ပြန်လည်ဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

"ဒီရက်ပိုင်းအတွင်း တံတားသစ်ကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေက ခွင့်ပြုငွေနဲ့ စတင်ဆောက်လုပ်မှာပါ။ တံတားဟောင်းက ပျက်စီးယိုယွင်းနေပြီး ကျေးရွာပေါင်း ၂၀ ကျော်က ဒေသခံတွေ ဖြတ်သန်းသွားလာနေတဲ့ တံတားဖြစ်လို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး တံတားသစ်ကို ဆောက်လုပ်ပေးတာပါ။

"တံတားအရှည် ၃၅ ပေ၊ အကျယ် ၁၄ ပေ၊ သံပေါင်ရက်မ သစ်သားခင်း တံတားအမျိုးအစားဖြစ်ပြီး တစ်လခွဲအချိန်ကာလအတွင်း ပြီးစီးအောင်ဆောက်လုပ်သွားဖို့ ခန့်မှန်းထားပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်လှလှဦးက ပြောသည်။

ဂင်း လက်ပံခါးကော့-ဂဠုန်ကုန်းချောင်းကူးတံတားပေါ်မှ အနီးပတ်ဝန်းကျင်ရှိ ရွာပြေ၊ လက်ပံခါးကော့၊ ရွာမ၊ ဂဠုန်ကုန်း ၊အုတ်မြေကန် ကျေးရွာများအပြင် အင်ကြင်းစု၊ ဖက်တော၊ ကတ္ကူကန်၊ လိန်တော၊ ရေချို၊ ကံကောင်း၊ ကျောက်ပုံ စသည့်ကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသခံများ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများအတွက် နေ့စဉ်ဖြတ်သန်းသွားလာနေရကြောင်း ဒေသခံများ ထံမှ သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

ဖားဆောင်းမြို့နယ် စစ်မှုထမ်းဟောင်းသား၊သမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

ဖားဆောင်း အောက်တိုဘာ ၁၃

၂၀၁၅ - ၂၀၁၆ ပညာသင်နှစ် စစ်မှုထမ်းဟောင်း သား၊ သမီးများ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၁၁ ရက် ၉ နာရီက ဖားဆောင်းမြို့နယ် စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဒုတိယဝန်ကြီးဦးဝင်းမြင့်၊ ဘေလခခဲခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်မှုကော်မတီနာယက ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ဖားဆောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းသား၊ သမီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘေလခခဲခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်မှုကော်မတီ နာယက ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ဖားဆောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပညာသင်ဆဲ အထက်တန်း၊ အလယ်တန်း၊ မူလတန်းပညာသင်စရိတ် ထောက်ပံ့ငွေအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဘေလခခဲခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်မှုကော်မတီ နာယက ဘေလခခဲခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ ဖားဆောင်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ပေးအပ်ရာ စစ်မှုထမ်းဟောင်းသား၊ သမီးများက အသီးသီးလက်ခံရယူခဲ့ကြောင်း သိရသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သို့ အလျှငွေကျပ် ၅၀၀၀၀၀၊ ဘေလခခဲခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အလျှငွေကျပ် ၅၀၀၀၀၊ ဖားဆောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းက ကျပ် ၈၅၀၀၀ အသီးသီးပေးအပ်ရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ကြေးပေးအပ်ရာတွင် အထက်တန်းအဆင့် ၁၁ ဦးအား တစ်ဦးလျှင် ဗဟိုမှ ကျပ် ၂၀၀၀၀၊ ပြည်နယ်မှ ကျပ် ၁၀၀၀၀၊ မြို့နယ်မှ ကျပ် ၂၀၀၀၀ စုစုပေါင်း ကျပ် ၅၀၀၀၀ ဖြစ်ပြီး အလယ်တန်းအဆင့် ၈ ဦးဦးအား ဗဟိုမှ ကျပ် ၁၅၀၀၀၊ ပြည်နယ်မှ ကျပ် ၇၅၀၀၊ မြို့နယ်မှ ကျပ် ၁၅၀၀၀ စုစုပေါင်း ကျပ် ၃၇၅၀၀၊ မူလတန်းအဆင့် ၁၂ ဦးအား တစ်ဦးလျှင် ဗဟိုမှ ကျပ် ၁၀၀၀၀၊ ပြည်နယ်မှ ကျပ် ၅၀၀၀၊ မြို့နယ်မှ ကျပ် ၁၀၀၀၀ စုစုပေါင်း ကျပ် ၂၅၀၀၀ ပေးအပ်ခဲ့ရာ စုစုပေါင်း ၂၈ ဦးဖြစ်ပြီး ထောက်ပံ့ငွေပေါင်း ကျပ် ၁၀၃၇၅၀၀ ဖြစ်ကြောင်း သိရသည်။

ကိုနိုင်း (လွိုင်ကော်)

သန်းခေါင်စာရင်းအချက်အလက်များ ဖြန့်ဝေ၍အသုံးချမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

မိတ္ထီလာ အောက်တိုဘာ ၁၃

မိတ္ထီလာမြို့၌ ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော လူဦးရေနှင့် သန်းခေါင်စာရင်းပါ အချက်အလက်များ ဖြန့်ဝေခြင်းနှင့် အသုံးပြုခြင်းအတွက် အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက ဟိုတယ်ထီလာ ဇမ္ဗူသီရိခန်းမ၌ ကျင်းပခဲ့သည်။

ဂင်းဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးအောင်ကျော်က အလုပ်ရုံဆွေးနွေးပွဲကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် UNFPA တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

သန်းခေါင်စာရင်းအချက်အလက်များ၊ သတင်းအချက်အလက်များကို နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဆင့်ရှိ အချက်အလက်အသုံးပြုသူများ လွယ်ကူစွာရယူနိုင်စေရန်၊ နိုင်ငံတော်အတွက် ဆောင်ရွက်နေသော စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် မူဝါဒစီစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ စီမံခြင်းတို့ကို ဆောင်ရွက်ရာ၌ သန်းခေါင်စာရင်းအချက်အလက်များ အသုံးပြုခြင်းများ ပိုမိုတိုးတက်လာစေရန်၊ အချက်အလက်အသုံးပြုသူ မီဒီယာများနှင့်ပြည်သူများအကြား သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို အကျိုးရှိ စွာ အသုံးပြုနိုင်စေရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးစောဌေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစောနေလင်း၊ ခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် သင်တန်းသားများတက်ရောက်ကြသည်။

ဂင်းအလုပ်ရုံဆွေးနွေးပွဲနှင့်သင်တန်းကို မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊မလှိုင်၊သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးအောင်ကျော်၊ ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေမြင့်ပိုနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းဖြစ်သည့် CSOမှ တာဝန်ခံ ဒေါ်မြတ်စုဝေတို့က အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

မဟာတိုး ဗုဒ္ဓဂယာ-ထိုင်း-ကမ္ဘောဒီးယား-သီရိလင်္ကာ-ဘုရားဖူးအဖွဲ့
ဗုဒ္ဓဂယာ (၇) ရက် ၈.၅ သိန်း ၊ ဗုဒ္ဓဂယာ (၁၄) ရက်ခရီး ၉.၅ သိန်း Nov.11,25, Dec.9, 23 Jan 20
ဘန်ကောက်-အယုဒ္ဓယ ၊ ပတ္တရား (၃) ရက် ၆.၅ သိန်း ၊ ကမ္ဘောဒီးယား-အန်ကောဝပ်-တုံလေဆပ် (လေယာဉ်ဖြင့်) (၃) ရက် ၇.၅ သိန်း
သီရိလင်္ကာ-အနုရာဓပုရလေဟေမီပင်-ကန္ဒီစွယ်တော်-ဘန်ကောက်မြဘုရား၊ရွှေသာလျှောင်း ၊ ဘုရားဖူးစီးရီးဝယ် (၇) ရက် ၁၅.၅ သိန်း
အပတ်စဉ်သောကြာ၊ စနေနေ့တိုင်း ပိုင်ပေးပါမည်။ မိသားစု၊ အသင်းအဖွဲ့အလိုက် သီးသန့်စီစဉ်ပေးပါသည်။
ရန်ကုန် -(၃၈)၊ ဧလမ်း/ ၈၁၅၊မဟာမန္တလေးနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ဖုန်း - ၂၂၇၃၂၂ ၊ ၀၉ ၄၉၂၉၇၃၇၆ ၊ ၀၉ ၇၃ ၂၀၅၅၉၀
မန္တလေး -၄၁၄၊ ၈၂ လမ်း ၊ ၃၂×၅၃ ကြား ၊ ချမ်းအေးသာစံပြိုင်နယ်၊ ဖုန်း - ၀၉ ၉၁၀၁၉၅၅၃၆ ၊ ၀၂ ၃၄၆၇၄
ဓော်လမြင်း - အမှတ် (၄၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း မြြင်သာယာရပ်၊ ဖုန်း- ၀၉ ၄၉၈၀၂၈၆ ၊ ၀၉ ၈၇၀ ၀ ၃ ၀ ၈
မန္တလေးမှဘန်ကောက်၊ ကမ္ဘောဒီးယား သီရိလင်္ကာ တိုက်ရိုက်ပို့ပေးပါသည်။

ရွှေအိုးကြီး Aircon Express
ကုန်းတော်၊ မိုးထောက်၊ ဖေတေ၊ ဘားအံ
Oct (22) ထွက် Oct (27) ထွက်၊ ထမင်းကျွေး (50000ks)
09 421073634, 09 420281267

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချိုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

B.L.T Travels
ကျိုက်ထီးရိုး (နေ့စဉ်) 8000
ချောင်းသာ (နေ့စဉ်) 12000
09-796262652, 09-73163538

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

November, October Beauty secrets အမှတ်-၁၅
ထွက်ပြီ

ခေါ်ခင်ပြုံးရီ၊ ဦးချစ်ပိုင် နှင့် အုပ်နိုးကျော် ဆောက်လုပ်ရေး တို့အား တားမြစ်ကြောင်း အများသိစေရန်ကြေညာချက်
ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီမျှ (၁၂/ဗဟန (နိုင်) ၀၆၁၂၅) သည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ဆရာစံ/တောင်ရပ်ကွက်၊ မြေတိုင်းရုပ်ကွက်အမှတ်-၃၅ဃ၊ မြေကွက်အမှတ်-၁၁၆၄၊ အိမ်အမှတ်-၁၃၊ ဆရာမကြီးလမ်းရှိ အိမ်မြေအား ၁၈၉၄ ခုနှစ် ကတည်းကပင် ဝယ်ယူပိုင်ဆိုင်နေကြောင်းအိမ်မြေမြစ်ပါသည်။ အဆိုပါ အိမ်မြေမှာ ဦးညီညီမျှ နှင့် ဦးချစ်ပိုင် ပူးတွဲအမည်ပေါက်အိမ်မြေမြစ်ပါသည်။ ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီမျှ နေအိမ်၌မရှိစဉ် ၄င်းဆွေနှင့်ပြဿနာမရှိသဲ့ ပသိရှိဘဲ လူကြီးမင်းများမှ အဆိုပါ အိမ်မြေပေါ်တွင် ကန်ထရိုက်တိုက် ဆောက်လုပ်နေခြင်းကိစ္စအား ဆက်လက်ဆောက်လုပ်ခြင်းမပြု (မပြု) ရန်နှင့် ဆကယ်၍ ထိုသို့ ဆက်လက်ဆောက်လုပ်ပါက သက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -
ခေါ်ခင်အေးသန်း (စဉ်-၉၁၁၉)
I.L.B, D.B.L, D.I.L, WIPO (Switzerland)
တရားလွှတ်တော်လျှောက်လွှာ
အမှတ် (၅၈/၆၀) ပထမထပ်၊ မဟာမန္တလေးမန်းခြံလမ်း ကျောက်တံတားမြို့နယ်၊
ကုန်းမြို့ ဖုန်း - ၀၉ ၇၃၁၅၁၃ ၊ ၀၉ ၂၅၄၂၅၅

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ သာယာကုန်းလမ်း၊ အမှတ်(၃၅)နေ ဒေါ်သင်းသင်းဝါ [၁၀/မလမ(နိုင်)၁၅၆၄၃၈] အပါအဝင်(၇) ဦးနှင့်အများသိစေရန်
မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ ပန်းခြံလမ်း၊ အမှတ်(၂/၁၀)နေ ဒေါ်ဂျူးခိုင်အေး [၃/ဘအန(နိုင်)၀၀၄၂၃၅]၏လွှဲအပ်ချက်အရ သိစေအပ်ပါသည်။
ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဂျူးခိုင်အေးနှင့် လူကြီးမင်းဒေါ်သင်းသင်းဝါသည် ၁۶-၈-၂၀၁၅ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခန့်မြေကွက်အရောင်းအဝယ်စရန်းပေး စာချုပ်ချုပ်ဆိုကာ ကျွန်ုပ်၏မိတ်ဆွေထံမှ စရန်ငွေကျပ်သိန်းတစ်ရာကို လူကြီးမင်းက လက်ခံရယူခဲ့သော်လည်း အရောင်းအဝယ်အား ဆက်လက်မပြုလုပ်လို၍ စရန်ငွေ၏ ၃ဆဖြစ်သော ငွေကျပ်သိန်းသုံးရာကို ဦးအေးနိုင်၏အိမ်၌ ၃-၉-၂၀၁၅ရက်စွဲပါ အိမ်မြေကွက်အရောင်းအဝယ်စရန်ငွေ ပြန်လည်ပေးလျော်သည့် ကတိစာချုပ်ချုပ်ဆို၍ ပြန်လည်ပေးလျော်သည်ကို ထိုနေ့ ၁၁နာရီတွင် ကြည်ဖြူစွာလက်ခံခဲ့ကြပါကြောင်း။
အဆိုပါ ၃-၉-၂၀၁၅ ရက်တွင် လူကြီးမင်း၏သမီး မဟေမာဦး၊ မဇာခြည်ဦးနှင့်အတူ ဦးကျော်လင်းစိုး(ခ)ဘေတာကြီး၊ ဒေါ်ချိုချိုမာ၊ မောင်သန်းဦး၊ ရှေ့နေဦးခင်မောင်မြင့်၊ ဦးမြင့်ဦး၊ အခြားအမည်မသိ အမျိုးသမီး(၂)ဦး၊ အမျိုးသား(၁)ဦးတို့ လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။
ထိုသို့ငွေပေးလျော်သည့် စာချုပ်ချုပ်ဆိုနေသော ပုံများအား လူကြီးမင်း၏သမီးများ၊ အတူပါလာသူများက ဖုန်းဖြင့်ရိုက်ယူသွားခဲ့ကြပြီး ၃-၉-၂၀၁၅ ရက် မွန်းလွဲ ၁း၀၇နာရီမှစ၍ အကြိမ်ကြိမ် Internet Facebook လူမှုကွန်ရက်စာမျက်နှာပေါ်သို့ Mobile Phone ဖြင့် Kyaw Lin Soe အကောင့်မှမမှန်မကန်ရေးသားပြီး ဓာတ်ပုံများဖြင့် တွဲလျက်ဖော်ပြပြန့်ဝေခံခဲ့ရကြောင်း။
လူကြီးမင်းတို့သည် ပဋိညာဉ်ဥပဒေအရလည်းကောင်း၊ သက်ဆိုင်ရာဘာသာအရလည်းကောင်း၊ ထိုလျော်ကြေးငွေကို ရယူသုံးစွဲပိုင်ခွင့်ရှိသော ငွေကြေးဖြစ်ကြောင်းသိလျက်နှင့် Kyaw Lin Soe အမည်ဖြင့်အကောင့်ကိုအသုံးပြု၍ ကျွန်ုပ်၏မိတ်ဆွေနှင့် သက်သေလူကြီးတို့ကို ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေရန် လူအများအထင်လွဲမှားသေးသိမ်စေရန် တမင်ရည်ရွယ်လျက် Mobile phone လိုင်းကို အသုံးပြု၍ဖြန့်ဝေခဲ့ခြင်းကို ပြုခဲ့ကြကြောင်း ထိုသို့ဖြန့်ဝေခဲ့သည့် အထောက်အထား၊ မျက်မြင်သက်သေများ အခိုင်အမာရှိပါကြောင်း ညွှန်ကြားချက်အရ သိရှိရ ပါသည်။
သို့ဖြစ်၍ လူကြီးမင်းနှင့်သမီးကြီးမဟေမာဦး၊ မဇာခြည်ဦး၊ ဦးကျော်လင်းစိုး(ခ)ဘေတာကြီး၊ ဒေါ်ချိုချိုမာ၊ အမည်မသိ အမျိုးသမီး(၂)ဦးတို့က ကျွန်ုပ်၏မိတ်ဆွေဒေါ်ဂျူးခိုင်အေး၊ သက်သေလူကြီးတို့ကို ထိခိုက်စေခဲ့သည့် အပြုအမူဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မိမိတို့၏ ဘာသာဝင်လူကြီးများအား တိုင်တည်သက်သေထား၍ ရှင်းလင်းဝန်ချတောင်းပန်မှုကို လက်ခံလိုလားပါကြောင်းနှင့် ဤကြေညာစာပါပြီး (၇)ရက်အတွင်း တောင်းပန်မှုမပြုပါက လူကြီးမင်းတို့အား မလွှဲမရှောင်သာဘဲ မြန်မာနိုင်ငံ၏ ပြဋ္ဌာန်းဥပဒေအရ တရားစွဲဆိုရမည်ဖြစ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေမှ လွှဲအပ်ညွှန်ကြားချက်အရ လေးမြတ်စွာဖြင့် သိစေအပ်ပါသည်။
လွှဲအပ်ညွှန်ကြားသူ ဒေါ်ဂျူးခိုင်အေး [၃/ဘအန(နိုင်)၀၀၄၂၃]
လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်စောသန်းဌေး
အထက်တန်းရှေ့နေ(စဉ်-၁၈၄၆၄)
တိုက်(၃)၊ အခန်း(၈)၊ မောင်ငံအိမ်ရာ၊
မော်လမြိုင်မြို့

မဲရုံအဖွဲ့ဝင်များ လုပ်ငန်းဆောင်ရွက်ပုံသင်တန်း မြို့နယ်အသီးသီးတွင်ဖွင့်လှစ်

ပုသိမ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား လုပ်ငန်းဆောင်ရွက်ပုံ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ မြို့မစခန်းမှူး ဒုရဲမှူးမြင့်အောင်က ရွေးကောက်ပွဲလုံခြုံရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မဲရုံမှူး ၁၂၅ ဦး၊ ဒုတိယမဲရုံမှူး ၁၂၅ ဦးနှင့် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ၆၈ ဦး၊ စုစုပေါင်း ၃၁၈ ဦးအား ပို့ချပေးမည်ဖြစ်ပြီး အောက်တိုဘာ ၁၆ ရက်တွင် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၄၇၆ ဦးအား သင်တန်းပို့ချပေးမည်ဖြစ်သည်။ ကျောင်းကုန်းမြို့တွင် ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၅ အုပ်စု၊ ကျေးရွာခွဲ ၄၁၀ ရွာမှာ မဲရုံပေါင်း ၁၂၅ ရုံရှိပြီး မဲပေးနိုင်သည့် လူဦးရေ ၁၁၅၄၃၃ ဦးရှိကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

သုံးဖွ

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၏ မဲရုံမှူးလုပ်ငန်းစဉ်များ ပညာပေးသင်တန်းကို အောက်တိုဘာ ၁၂ ရက်နံနက် ၉ နာရီက သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲ အဖွဲ့ဝင်ဦးဖြူညွှန့်နှင့် သုံးခွမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝိတ်တို့က အဖွင့်အမှာစကားပြောကြားပြီး ပညာပေးသင်တန်းကို ဆက်လက်ပို့ချရာ ရပ်ကွက်ကျေးရွာအုပ်စု ၇၆ အုပ်စု မဲရုံ ၁၆၀ မှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်ကျေးရွာကော်မရှင် အတွင်းရေးမှူး ၃၉၆ ဦး တက်ရောက်ကြကာ သင်တန်းကို အောက်တိုဘာ ၁၃ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကြည်စိုးလွင်(သုံးဖွ)

ဆင်ပေါင်ဝဲ

ဆင်ပေါင်ဝဲမြို့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်း အမှတ်စဉ် (၂/၂၀၁၅) ကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အခြေခံပညာအထက်တန်းကျောင်း ရန်အောင်မြင်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများက မဲပေးနည်းသရုပ်ပြပွဲတွင် လက်တွေ့မဲပေးကြပြီး သင်တန်းအား ဆက်လက်ပို့ချကြသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၂ ရက်နှင့် ၁၃ ရက်အထိ နှစ်ရက်တိုင်တိုင် ဆရာ၊ ဆရာမ ၂၅၀ တို့အား မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးတင်လှ၊ ဦးအောင်တင့်၊ ဦးသိန်းလွင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းနိုင်စိုး၊ မြို့နယ် လက်ထောက်ဥပဒေအရာရှိ ဦးငွေလမင်းမြင့်၊ မြို့နယ်ပညာရေးမှူး ဦးကျော်ငွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်တို့က သင်တန်းနည်းပြများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

နတ်တလင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း မနောဟဒယခန်းမဆောင်တွင် အောက်တိုဘာ ၁၂ ရက်နံနက် ၉ နာရီမှစ၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း ၁/၂၀၁၅ ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ထွန်ဋ်က လွတ်လပ်ပြီး တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိအောင် စုပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

လွှတ်တော်ဆိုင်ရာဥပဒေများကို ဥပဒေအရာရှိ ဒေါ်ရတနာခင်ဦး၊ လွှတ်တော်နည်းဥပဒေများကို ဦးတင်ဝင်း (မြို့နယ်ဥပဒေအရာရှိပြင်မ)၊ ရွေးကောက်ပွဲလုံခြုံရေးစီမံခန့်ခွဲမှုကို ရဲမှူးလှအောင်၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်ကို အဖွဲ့ဝင်ဦးမြင့် (မြို့နယ်ပညာရေးမှူးပြင်မ)ရွေးကောက်ပွဲသတ်မှတ်ပုံစံများအကြောင်းကို အဖွဲ့ဝင်ဦးမင်းဆွေနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ထွန်ဋ်တို့က အသီးသီးပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်၍ သင်တန်းသို့သင်တန်းသား ၄၆၀ တက်ရောက်ခဲ့သည်။ နတ်တလင်းမြို့နယ်တွင်မဲရုံပေါင်း ၁၄၇ ရုံနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၃၉၉၀၅ ဦးရှိသည်။

(ဝ၇၁)

တောင်တွင်းကြီး

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲရုံမှူးများ၊ ဒုမဲရုံမှူးများ လုပ်ငန်းဆောင်ရွက်ပုံ သင်တန်းကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက (အ. ထ. က-၁) ပေလေးပင်ခန်းမ၌ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူးများ စုစုပေါင်း ၇၅၀ တက်ရောက်ခဲ့ပြီး မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သာက မဲရုံဝန်ထမ်းများ၏ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် မဲရုံဖွင့်ခြင်း ပိတ်ခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စားလှယ်များ၏အခန်းကဏ္ဍများ၊ ကြိုတင်ဆန္ဒမဲဆိုင်ရာများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ မဲရုံမဖွင့်မီ ဆောင်ရွက်ထားရှိရမည့် လုပ်ငန်းများ၊ မဲရေတွက်ခြင်း၊ စာရင်းရေးသွင်းခြင်းနှင့် ထုပ်ပိုးပုံအဆင့်ဆင့်တို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(၅၈၀)

နေပြည်တော်

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ပညာပေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်အောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး ဥတ္တရခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြသောင်းက သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၅၀ တို့အား သင်တန်းဆရာများက မဲရုံဖွင့်လှစ်ခြင်းဆိုင်ရာလုပ်ငန်းများ၊ ကြိုတင်မဲများ အကြောင်း၊ ရပ်ကျေးကော်မရှင်များနှင့် မဲရုံမှူးများ ဆက်သွယ်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ၊ မဲရုပ်စသည့် ရွေးကောက်ပွဲဆိုင်ရာ သင်ခန်းစာ ၁၀ မျိုးအား အောက်တိုဘာ ၁၂ ရက်နှင့် ၁၃ ရက် တို့တွင် နှစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။ **(ဇွေရဲရင့်)**



အယ်ဒီတာထံ ပေးစာ

ခြံစည်းရိုးဖယ်ရှားစေလို

ကျွန်မသည် ရန်ကုန်တိုင်းဒေသကြီး သယ်နားကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အောင်ရတနာအိမ်ရာ သံသုမာလမ်းမကြီးဘေးရှိ RC-2 ထပ် စျေးဆိုင် တန်းဆိုင်ခန်းကို ၂၀၀၈ ခုနှစ်ကတည်းက ဆိုင်ငှားခဲ့ပါသည်။ ဆိုင်ရှေ့နှင့်သံသုမာလမ်းကြားတွင် ကားပါကင်ရှိပြီး ကားရပ်နားထားနိုင်ပါသည်။ ကျွန်မဆိုင်နှင့်ကပ်လျက်မှ ကားပါကင်နေရာအား မိမိပိုင်မြေသဖွယ် ခြံခတ်လိုက်ပါသဖြင့် ဆိုင်ရှေ့တွင်လည်း ထရန်စဖော်မာရှိနေသောကြောင့် ဆိုင်ဝင်ပေါက်မှာ ကိုးပေခန့်သာ ကျန်ရှိနေပါသည်။ ဆိုင်သို့လာသော ကားများမှာ နောက်ဆုတ်ပြီး ပြန်ထွက်နေရပါသည်။ သို့ပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။ **(စည်းကမ်းတကျဖြစ်လိုသူ)**

လူနေရပ်ကွက်အတွင်းမှ လက်သမားရုံဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၅)ရပ်ကွက် သိပ္ပီ(၄)လမ်း(တောင်)တွင် ဆူညံစွာစက်ရွေပေါ်ထိုးခြင်း၊ ဆူညံစွာသစ်ခွဲစိတ်ခြင်း၊ ပါလစ်ဆေးအနံ့ဆိုးများမခံနိုင်ခြင်း၊ ပရိဘောဂလက်သမားရုံထောင်ခြင်းစသည့် အကြောင်းများကြောင့် ပတ်ဝန်းကျင်ရှိ လူနေအိမ်များမှ သက်ကြီးရွယ်အိုများ ကောင်းမွန်စွာ အိပ်စက်နားနေ၍မရခြင်း၊ ကျောင်းသားများ စာကျက်၍ မရနိုင်အောင်အနှောင့်အယှက်ဖြစ်နေခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်။

(အနုံ့ဆိုးမခံနိုင်သူ)

အနုံ့ဆိုးများမခံနိုင်

ပြင်ဦးလွင်မြို့နယ် မြောက်ရေချမ်းအိုးကျေးရွာ နယ်မြေ(၅)လီဆူမိဘမဲ့ကျောင်းအနီးရှိ စီးပွားဖြစ်ကြက်မွေးမြူရေးခြံမှ ပြင်းထန်သည့်အနုံ့ဆိုးများကို နေ့စဉ်ရှုရှိုက်နေရပြီး ယင်ကောင်များလည်း အဆမတန်များပြားနေပါ၍ သက်ဆိုင်ရာမှ အမြန်ဆုံးဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။ **(အနုံ့ဆိုးမခံနိုင်သူ)**

ပိတ်ဆို့ထားသည့်ရေမြောင်း ရှင်းလင်းစေလို

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စဉ်ဥရပ်ကွက် ငါးခန်း(၃)လမ်းတွင် မူလရေစီးလမ်းကြောင်းအား ခြံစည်းရိုးကာပိတ်ဆို့ထားပြီး နိုင်ငံတော်မှ ခင်းပေးထားသော လမ်းပေါ်တွင် သဲအိတ်များချထားကာ စီကာထားသောကြောင့် ရေမြောင်းမှာထွက်ပေါက်မရှိဘဲ လမ်းပေါ်တွင် ရေဗွက်အိုင်များဖြစ်ပေါ်နေပါသည်။ သို့ဖြစ်ပါ၍ သံယာတော်များနှင့် အများပြည်သူများ သွားလာရန် အခက်အခဲဖြစ်နေပြီး ကလေးငယ်များ ကျန်းမာရေးအတွက် သွေးလွန်တုပ်ကွေးရောဂါအချိန်မရွေး ဖြစ်ပွားနိုင်ပါသဖြင့် တာဝန်ရှိသူများအနေဖြင့် အမြန်ဆုံး ရှင်းလင်းဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

(ရပ်ကွက်သားများ)

ဝန်ထမ်းများ လူမှုဖူလုံရေးရုံးများနှင့် ချိတ်ဆက်လုပ်ဆောင်မှုများလာ

မန္တလေး အောက်တိုဘာ ၁၃

ဖွံ့ဖြိုးတိုးတက်လာသောခေတ်တွင် စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများ ဥပဒေနှင့်အညီ စာချုပ်ချုပ်ဆိုခြင်းများ၊ လူမှုဖူလုံရေးကြေးများ ထည့်သွင်းခြင်းများကို စနစ်တကျလုပ်ဆောင်လာကြရာ အထူးသဖြင့် မန္တလေးစက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများသည် လူမှုဖူလုံရေးရုံးများနှင့် ဆက်သွယ်ကာ ကျန်းမာရေးအကျိုးခံစားခွင့်များရရန် စနစ်တကျလုပ်ဆောင်လာကြကြောင်း သိရသည်။

လူမှုဖူလုံရေးရုံးများတွင် တာဝန်ကျသော ဝန်ထမ်းများ၊ ဆရာဝန်များမှာလည်း တိကျစွာလိုက်နာလုပ်ဆောင်ပေးပြီး အမှန်အတိုင်းစစ်ဆေးတွေ့ရှိချက်များကို မှတ်ချက်ရေးသားမှုပြုလုပ်ပေးလာသည်။ ဆေးခွင့်များကိုလည်း လိုအပ်မှသာလျှင်ပေးသည်အထိ တိတိကျကျလုပ်ဆောင်ရင်း အလုပ်ရှင်နှင့် အလုပ်သမားကြားညီမျှစွာလုပ်ဆောင်ပေးလာသည်။

ဥပဒေ၏ ရည်ရွယ်ချက်ကောင်းများတွင် အလုပ်သမားများ၏ ကျန်းမာရေးနှင့်လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းအာမခံပြီး နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားစေခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုရန်ရည်ရွယ်ထားသည်။

လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားနိုင်စေရန်၊ လက်တွေ့ပကတိအခြေအနေနှင့်ကိုက်ညီသော အကျိုးခံစားခွင့်ပေးခြင်းဖြင့် လူမှုဖူလုံရေးစနစ်အပေါ် အများပြည်သူ ယုံကြည်ကိုးစားမှုများကို ရယူလာကြသည်။ အလုပ်ရှင်နှင့် အလုပ်သမားတို့က ပေးသွင်းထားသည့် အချို့သောထည့်ဝင်ကြေးငွေများကို စုဆောင်းငွေကဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ထုတ်ယူခံစားခွင့်ရှိစေရန်နှင့် အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့်အလုပ်အတွက် ထိခိုက်မှုအတွက် ငွေကြေးအချို့ ခံစားခွင့်တို့အပြင် အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်မိသားစုထောက်ပံ့အကျိုးခံစားခွင့်၊ အလုပ်လုပ်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်နှင့် အခြား အခွင့်အရေးများအတွက်ပါ ရည်ရွယ်လုပ်ဆောင်ထားသည်။

လက်ရှိကာလတွင် မန္တလေးစက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများမှ အလုပ်သမားများ လူမှုဖူလုံရေးရုံးများနှင့် ချိတ်ဆက်လုပ်ကိုင်မှုများပြားလာကြောင်းနှင့် မီးဖွားခွင့်များကို အနည်းဆုံးရက်သတ္တမ(၁၄)ပတ်ထိ ခံစားခွင့်ရလာကြောင်း သိရသည်။ **တိမ်တမန်**

လက်တွန်းထွန်စက်နှင့်စက်ပြင်ဆင်မှုသင်တန်းဖွင့်

မြောင် အောက်တိုဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီးအဝိုးရအဖွဲ့၏ဘဏ္ဍာရန်ပံ့ငွေထောက်ပံ့မှုဖြင့် မြို့နယ်သမဝါယမဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း ဖွင့်လှစ်သည့် လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက သင်တန်းသားများအနေဖြင့် ပထမဆုံးဖွင့်လှစ်ပေးသည့်သင်တန်းဖြစ်၍ စာတွေ့လက်တွေ့သင်ကြားမှုများကို အထူးဂရုပြုလေ့လာမှတ်သားပြီး မိမိတတ်ကျွမ်းသည့်နည်းပညာများကိုလည်း လက်ဆင့်ကမ်းမျှဝေကာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးဆောင်ရွက်ကြရန်ပြောကြားသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးအရာရှိ ဦးဇော်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး မြောင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီးသင်တန်းကာလမှာ အောက်တိုဘာ ၁၅ ရက်အထိဖြစ်ကြောင်း သိရသည်။

တင်ကိုကို(ပြန်၊ဆက်)

ကျိုက်မရောဌ ကျေးလက်မီးလင်းရေးဆောင်ရွက်

ကျိုက်မရော အောက်တိုဘာ ၁၃

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျိုက်မရောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ကျိုက်မရောမြို့နယ်အတွက် ဆောင်ရွက်လျက်ရှိသော ငဖယ်ချောင်းကျေးရွာ ဆိုလာမီးလင်းရေးဆောင်ရွက်နေမှုများအား အောက်တိုဘာ ၄ ရက်က မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးစောဇော်ဝင်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၃ ဦးချစ်မိုးဦးတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ကျေးလက်)

ဒီလယ်ဆောက်ဆီ ကော်ပြင်သင်တန်း (နေဝိုင်မှုအရေ)
ကုန်ကြမ်းဆန်ပြင်ကျင်းလေ့ကျင့်ခြင်း
ဘာသာရေးကော်ပြင်ဆန်ပြင်ကျင်းလေ့ကျင့်ခြင်း
ကုန်ကြမ်းပြင်ဆန်ပြင်ကျင်းလေ့ကျင့်ခြင်း
ဖုန်း- ၄၀၀၆၃၄ ၊ ၀၉၄၃၅၂၄
ရေး ၅၀၅၂၁

ထိုးရောသီ ဝမ္မဒါန
အင်းလေးဟောင်တော်ဦး လှည့်လည်အမှတ်ခံပွဲ
တစ်ဦးဆယင်းကျော-၅၀၀၀၀/-
Oct-16,23,27,30
(၁၀)ဦးလျှင် (၁)ဦး
ကားအပျိုးပျိုးစီးလိုးတားသည်။
ဆက်သွယ်ရန် - 420144148, 421163797

My Friends Group ဘုရားရှိုးပြိုင်ဘောင်ရေး
ဘုရားရှိုးပရမ်ပင်ကျွေးများအတွက် (OCT-23/27/30) ထွက်ပြပွဲဝင်းနှင့်
★ ဖော်လမ်ပြင်:ကျိုက္ခာမီးစက်စံ(မီး/ဆွမ်းမျှော်ပွဲ) (OCT-27) ထွက်မည်- ၂၅၀၀ (နေ့ချင်းပြန်)
★အင်းလေးဟောင်တော်ဦးပွဲတောင်ကြီး:ပင်းတယ:ထမ်းလမ်းလိုက်ဂုဏ်မွေတော်ကဏ္ဍ(၄)ဂေါ်:လျှိုင်ကော်ပါ (၆)ရက်:
★ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်(နေ့စဉ်)★လွန်/ပြည်အကောက်တောင်(နေ့ချင်းပြန်)(စနေ:တနင်္ဂနွေ)
အမှတ်(၇၀)သုမင်္ဂလာလမ်း:ဇာ/ဥဗ္ဗလာ:နန္ဒာခန်းရေ:ရေ Ph-09264676114,098634422,09450113969

ကုန်ကြမ်း
ENGLISH Conversation Practice
Sayar.Yang
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ပြောလိုပြီး:ပြောမတတ်သူ ပြောတတ်ပြီး:ပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall
TAMWE - 540714, 09 5183636
09 49 285182
စကားပြော ၊ စကားပြန်

quo , y&e
1970-74 yoraumvy
"mwaA'-t"ub&aumi;om;rsm;
(၁) ကိုခင်မောင်ကျော်(ရန်ကုန်) (၆) ကိုအုန်းမြင့်(ပုသိမ်)
(၂) ကိုခင်မောင်စိုး(လက်ပံတန်း) (၇) ကိုစိုးမြင့်(ပုသိမ်)
(၃) ကိုဝင်းမြင့်(ဟသ်ာတ) (၈) ကိုဝင်းမြင့်(ပုသိမ်)
(၄) ကိုသန်းအောင်(မြန်အောင်) (၉) မခင်ပြုံးစိုး(ဘိုကလေး)
(၅) ကိုလူလူဝင်း(ပုသိမ်) (၁၀) မမွေးကျင်(သုံးခွ)
၂၉-၁၁-၂၀၁၅ရက်တွင် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်ဖြစ်ပါ၍ အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆုံးဆက်သွယ်ကြပါရန်။
ဆက်သွယ်ရန်ဖုန်းများ
(၁) ကိုထွန်းလွင် ဖုန်း 09-253009996
(၂) မခင်ရွှေ ဖုန်း 09-49304392
(၃) မအေးအေးဝင်း ဖုန်း 09-254136762

ကုမ္ပဏီတည်ထောင်ခြင်း၊ ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအဆင့်များ၊ အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးအသုံးအနှုန်းများ၊ မြန်မာနိုင်ငံ၏ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ L/C, TT, သဘော်တင်ခြင်း၊ အကောက်ခွန်နှင့်အခြားအခွန်အခများတွက်ချက်ခြင်း စသည်ဖြင့်...
ပြည်ပပို့ကုန် ၊ သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း
အပတ်စဉ်(၆၁)
Section A: 17 - 10 - 2015
Section B: 20 - 10 - 2015
နေ့များတွင် စမည်။
အလင်းသစ်စာပေ
အခန်း(၆၀၁)၊ အမှတ်(၁၇)၊ ၅၂-လမ်း(အောက်)၊
ဒိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၄-၀၀၃၀၂ ၊ ၀၉-၈၇-၀၃၈၄၈
အလင်းသစ်

One Stop Solution For Food
နံနက်စာအတွက်...တို့ရှည်၊ အာလူးပူရီစားချင်သလား... FOODFARE ကိုသွား...
မိုးရေပလာတာဆိုတာ သိလား... FOODFARE ကိုသွား...
ကီးမားပလာတာရော စားချင်သလား... FOODFAREကိုသွား...
ကြက်ကလျှာဟင်းဆိုတာရော စားချင်သလား... FOODFARE ကိုသွား...
အရသာရွှမ်းသွားစေမဲ့ လက်ဖက်ရည်နို့ပေါင်း သောက်ချင်သေးလား... FOODFARE ကိုသွား...
နေ့လည်စာနဲ့ညစာတွေအတွက် ...
အိန္ဒိယအစာ၊အစာ၊မလေးအစာ၊အစာနဲ့
ဥရောပအစာ၊အစာများအပြင်
